BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

မိုးကြိုး သတင်းစဉ်

The Lightning Newsletter

အမှတ် (၁၀၉) ခရစ်နှစ်၊ ၂၀၁၀ ခုနှစ်၊ ဧပြီလ | မြန်မာသက္ကရာဇ် (၁၃၇၁) | ( ၁၅-၁-၉၉ ) ရက်နေ့တွင် စတင်တည်ထောင်သည်။

# တရားမျှတမှုမရှိသည့်ရွေးကောက်ပွဲအားဝင်ရောက်ယှဉ်ပြိုင်မှုမပြုရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပြတ်ပြတ်သားသားဆုံးဖြတ်ချက်ချ






အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က စစ်အစိုးရရဲ့ဥပဒေအောက်မှာ နိုင်ငံရေး ပါတီတခုအနေနဲ့ မှတ်ပုံမတင်ဖြတ်လိုက်ကြပါတယ်။

ဗဟန်းမြို့နယ်၊ အဖွဲ့ချုပ်ရုံးမှာ မတ်လ (၂၉) ရက်က ကျင်းပခဲ့တဲ့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့နဲ့ ပြည်နယ်၊ တိုင်းအသီးသီးက ဗဟိုဦးစီးအဖွဲ့ဝင်တွေရဲ့ စည်းဝေးပွဲမှာ တညီတညွတ်တည်း အခုလိုဆုံးဖြတ်လိုက်တာဖြစ်ပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ တရားဝင်နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ပြီးသားဖြစ်တဲ့အတွက် ထပ်ပြီး မှတ်ပုံတင်ဖို့မလိုတဲ့အကြောင်းကို အဖွဲ့ချုပ်ပြောခွင့်ရ ဦးဉာဏ်ဝင်းက သတင်းစာရှင်းလင်းပွဲမှာ ပြောပါတယ်။

ဒါပေမယ်လို့ စစ်အစိုးရရဲ့ ဥပဒေတွေအရ ပါတီမှတ်ပုံမတင်တာနဲ့ အဲန်အယ်လ်ဒီဟာ နိုင်ငံရေးပါတီတခုအဖြစ် ရှေ့ဆက်ရပ်တည်ဖို့ကိစ္စ သတင်းထောက်တွေရဲ့အမေးကိုတော့...

"ပါတီက ရွေးကောက်ပွဲဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ၊ မဝင်တော့ဘူးဆိုတဲ့ဆုံးဖြတ်ချက် ဒါမှမဟုတ် မှတ်ပုံတင်ခြင်းမပြုတော့ဘူးဆိုတဲ့ဆုံးဖြတ်ချက်၊ ပါတီဝင်တွေကို ဒါဟာ အမိန့်ကြော်ငြာစာနဲ့ပဲတင်ပြသည်ဆိုတာမျိုးဟာ ဒီမိုကရေစီနိုင်ငံမျိုးမှာ မရှိနိုင်တဲ့သဘောဖြစ်တဲ့အတွက်၊ ကျနော်တို့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုယ်တိုင်သည်ပင်လျှင် ပျက်ပြယ်သွားပြီလို့ မမှတ်ယူပါဘူး" လို့ ပါတီရဲ့ဒုဥက္ကဋ္ဌ ဦးတင်ဦးကပြန်ဖြေထားတာကို ဗွီအိုအေအင်တာနက်စာမျက်နှာမှာ ဖော်ပြထားပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကလည်း စစ်အစိုးရရဲ့ဥပဒေအရပါတီဖျက်သိမ်းခံရတယ်ဆိုရင်တောင် ပါတီပျက်စီးခြင်းမဟုတ်ဘဲ အေးအေးချမ်းချမ်းနဲ့ လုပ်ဆောင်နိုင်တဲ့နည်းလမ်းတွေ အများကြီးရှိတယ်လို့ ရှေ့

စာမျက်နှာ (၃) ကော်လံ (၁) သို့

# ဒီမိုကရေစီ ဘက်တော်သားတို့အတွက် မြန်မာနိုင်ငံက အဆုံးအဖြတ် အခါသမယ

မြန်မာပြည်ကစစ်အစိုးရဟာ ကျနော်တို့ပါတီဖြစ်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို တရားဝင် ဆက်လက်ရပ်တည်လှုပ်ရှားမယ်၊ မလှုပ်ရှားဘူးဆိုတာနဲ့ပတ်သက်ပြီး ခက်ခဲတဲ့ဆုံးဖြတ်ချက်တရပ်ချဖို့ အခြေဆိုက်စေခဲ့ပါတယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ဖွံ့ဖြိုးရေးကောင်စီလို့ခေါ်တဲ့ အာဏာရ ဗိုလ်ချုပ်တွေဟာ ဒီလထဲမှာ မတရားတဲ့ရွေးကောက်ပွဲဥပဒေတစုံကို ထုတ်ပြန်ခဲ့ပြီး ကျနော်တို့ပါတီကို ရွေးကောက်ပွဲကော်မရှင်မှာ ရက် (၆၀) အတွင်း အသစ်ပြန်မှတ်ပုံမတင်ရင် ဖျက်သိမ်းမယ်လို့ခြိမ်းခြောက်ခဲ့ပါတယ်။

ကျနော်တို့ဟာ စစ်အစိုးရရဲ့ရက်စက်ယုတ်မာတဲ့သဘာဝကို သိထားပါတယ်။ သူချမှတ်တဲ့ ရွေးကောက်ပွဲ ဥပဒေတွေဟာ တရားမျှတမှု စိုးစဉ်းလောက်ပြလိမ့်မယ်လို့ ကျနော်တို့ မမျှော်လင့်ခဲ့ပါဘူး။ ဒါပေမဲ့ စစ်အစိုးရဟာ အဲဒီဥပဒေတွေသုံးပြီး ကျနော်တို့ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားအားလုံးကို နိုင်ငံရေးလုပ်ငန်းကနေ ဖယ်ထုတ်ပစ်လိမ့်မယ်လို့လည်း မမျှော်လင့်မိခဲ့ပါဘူး။ စစ်အစိုးရဟာ ပါတီအားလုံးပါဝင်တဲ့ ပွင့်လင်းမြင်သာ လွတ်လပ် တရားမျှတတဲ့ရွေးကောက်ပွဲ ကျင်းပပေးဖို့ တောင်းဆိုချက်ကို လျစ်လျူရှုလိုက်ခြင်းအားဖြင့် မြန်မာပြည်သူတွေနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ဆန္ဒကို အာခံလိုက်ပြန်ပါပြီ။



နိုင်ငံရေးပါတီမှတ်ပုံတင်ဥပဒေက နိုင်ငံရေးအကျဉ်းသားအားလုံးကို မဲပေးခြင်း၊ ယှဉ်ပြိုင်ခြင်း၊ နိုင်ငံရေးပါတီထောင်ခြင်း ဒါမှမဟုတ် ပါတီဝင်ဖြစ်ခြင်းတို့အားဖြင့် ရွေးကောက်ပွဲမှာ ပါဝင်ဆောင်ရွက်မှုကို ပိတ်ပင်ထားပါတယ်။ နိုင်ငံရေးအကျဉ်းသားတွေ ကိုယ့်ပါတီဝင်အဖြစ် ရှိမနေအောင် ပါတီတွေက အာမခံရမှာဖြစ်ပြီး နိုင်ငံ့ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုက်နာစောင့်ရှောက်ပါ့မယ်။ ရွေးကောက်ပွဲဥပဒေတွေကို လိုက်နာပါ့မယ်ဆိုတဲ့ ခံဝန်ချက်ကိုလည်း လက်မှတ်ထိုးရမှာဖြစ်ပါတယ်။ နိုင်ငံရေးပါတီတွေဟာ ရွေးကောက်ပွဲကိုလည်း မဖြစ်မနေဝင်ပြိုင်ဖို့ လိုပါတယ်။ ဒီကန့်သတ်ချုပ်ချယ်ချက်တွေကို လိုက်နာဖို့ပျက်ကွက်ရင် ပါတီဖျက်သိမ်းခံရမှာဖြစ်ပါတယ်။

ကျနော့်အတွက်တော့ဆုံးဖြတ်ရတာ လွယ်ကူရိုးစင်းလှပါတယ်။ ဒါကတော့ "ဘူး" ဆိုတာပါဘဲ။ ကျနော်တို့ဟာ ဖောက်ပြန်ခြစားပြီး မတရားတဲ့ ဒီတရားရေးစနစ်အောက်မှာ အကျဉ်းချခံနေရ၊ အကျဉ်းချခံခဲ့ရဖူးတဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ တခြားလူတွေကို မထုတ်ပစ်နိုင်ပါဘူး။ သူတို့မပါရင် ကျနော်တို့ပါတီဟာ အလကားဖြစ်သွားပါလိမ့်မယ်။ သူတို့ဟာ ဒီမိုကရေစီနဲ့ တရားဥပဒေ အာဏာပိုင်စိုးမှုကို ယုံကြည်လို့ ထောင်ထဲရောက်နေတာဖြစ်ပါတယ်။ ယုံကြည်လက်ခံလောက်ဖွယ် ဒီမိုကရေစီလုပ်ငန်း ဖြစ်ဖို့ဆိုရင် သူတို့ကိုချက်ခြင်းလွှတ်ပေးပြီး ဗမာပြည်ရဲ့နိုင်ငံရေးလုပ်ငန်းထဲ ပါဝင်ဆောင်ရွက်စေဖို့ လိုပါတယ်။

ထာဝရစစ်အာဏာရှင်စနစ်ကို တရားဝင်အောင်လုပ်ဖို့ရည်ရွယ်ပြီး စစ်အစိုးရ တဖက်သတ်ရေးဆွဲထားတဲ့အခြေခံဥပဒေကို ကျနော်တို့ လက်မခံပါဘူး။ ဒီအခြေခံဥပဒေအတည်ပြုဖို့ ဆန္ဒခံယူပွဲကို ၂၀၀၈ ခု နာဂစ်မုန်တိုင်းအပြီးမှာကျင်းပခဲ့ပြီး အဓမ္မဖိအားနဲ့ မသမာမှုနဲ့ "အတည်ပြုခဲ့"တာ ဖြစ်ပါတယ်။ ကျနော်တို့ရည်မှန်းချက်ကတော့ ဒီအခြေခံဥပဒေအတုအယောင်ကို ပယ်ချပစ်ပြီး အားလုံးပါဝင်တဲ့ စစ်မှန်တဲ့ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမှုကတဆင့် ဒီမိုကရေစီ၊ လူ့အခွင့်အရေး၊ တရားမျှတမှု၊ တရားဥပဒေ အာဏာပိုင်စိုးမှုနဲ့ တိုင်းရင်းသားလူမျိုးအားလုံး တန်းတူညီမျှမှုကို အာမခံမယ့် အခြေခံဥပဒေတရပ်ဖန်တီးဖို့ ဖြစ်ပါတယ်။ အတုအယောင်အခြေခံဥပဒေကို လိုက်နာပါ့မယ်လို့ ကျနော်တို့ ခံဝန်ချက်မထိုးနိုင်ပါဘူး။

ဒီလုပ်ငန်းကနေ စစ်မှန်တဲ့ဒီမိုကရေစီ ပေါ်ထွက်လာမှာ မဟုတ်ပါဘူး။

အဖွဲ့အစည်းတခုအဖို့ ဒီလိုဆုံးဖြတ်ချက်မျိုးချနိုင်ဖို့ဆိုတာ မလွယ်လှပါဘူး။ ဒေါ်အောင်

စာမျက်နှာ (၁၀) ကော်လံ (၁) သို့ ...

မျက်နှာဖုံးသတင်းမှအဆက်...

နေကြီးဦးညဏ်ဝင်းကတဆင့် ပြည်သူလူထုကို ပြောလိုက်ပါတယ်။

ပါတီရဲ့ဒုဥက္ကဋ္ဌ ဦးတင်ဦးကလည်း "ဖမ်းချင်လည်းဖမ်း၊ ရိုက်ချင်လည်းရိုက်၊ လုပ်ချင်တာလုပ်ပါ၊ ဒါပေမယ့် ကျနော်တို့ ရပ်တည်ထားတဲ့ ဒီမိုကရေစီနဲ့ လူ့ အခွင့်အရေး၊ ဒီမိုကရေစီနဲ့ လွတ်လပ်မှုဆိုတာကတော့ အေးအေးချမ်းချမ်း ဆောင်ရွက်သွားတဲ့နည်းကို ကျနော်တို့ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြည်သူတရပ်လုံးရဲ့ကူညီတာ၊ ထောက်ပံ့တာ၊ အားပေးတာကိုတော့ ကျနော်တို့က အားတခုအနေနဲ့လုပ်ကြပြီး တညီတညွတ်တည်းရှိနေတဲ့ ကျနော်တို့ အဓိက ဒီမိုကရေစီအင်အားစုတွေသာလျှင် ပြည်သူလူထုနဲ့တကွ တိုင်းရင်းသားတရပ်လုံးရဲ့ အားသာလျှင် ကျနော်တို့ရဲ့အားဖြစ်တယ်ဆိုတာကို ယုံကြည်စွာဖြင့် မမိုတ်မသုန်ချီတက်သွားကြမှာ ဖြစ်တယ်လို့ ပြောချင်ပါတယ်။"လို့ ပါတီဒုဥက္ကဋ္ဌ ဦးတင်ဦးက သတင်းထောက်တွေရဲ့ အမေးကို ဖြေထားကြောင်း သတင်းတွေအရ သိရပါတယ်။

နေအိမ်အကျယ်ချုပ် အကျခံနေရတဲ့ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ အချက် (၆) ချက်ပါတဲ့ သဘောထားကို မှာကြားလိုက်တဲ့အတိုင်း အစည်းအဝေးမှာ ရှေ့နေကြီးဦးညဏ်ဝင်းက ကိုယ်တိုင်ဖတ်ပြခဲ့ပါတယ်။

၁။ ၂၀၀၈ဖွဲ့စည်းပုံ အခြေခံဥပဒေကို လုံးဝလက်မခံနိုင်၊ အဖွဲ့ချုပ်၏ ရွှေဂုံတိုင်ကြေညာချက်ကို ကိုင်စွဲထားရမည်။

၂။ တရားမျှတမှုမရှိ၊ တဖက်သတ်ရေးဆွဲထားသည့်ဥပဒေအရ မှတ်ပုံတင်ခြင်းကို လုံးဝလက်မခံနိုင်ပါ၊ စည်းကမ်းချက်များမှာ ဒီမိုကရေစီ နည်းမကျပါ။

၃။ အဖွဲ့ချုပ်သည် ကျမ၏ ကိုယ်ပိုင်ပစ္စည်းမဟုတ်၊ မည်သူတဦးတယောက်၏ ကိုယ်ပိုင်ပစ္စည်းလည်းမဟုတ်ပါ။

၄။ အဖွဲ့ချုပ်အတွင်း လူမွေးသည့်အလုပ်၊ လူမွေးသည်ဟု ယူဆနိုင်သည့်အလုပ်များ လုံးဝမကြိုက်၊ လက်မခံပါ။

၅။ ပြည်သူလူထုကို ပြောကြား လိုတာက မိမိတတ်နိုင်သလောက် ဒီမိုကရေစီရရှိရေး ကြိုးပမ်းမှုကို ဆက်လက်ဆောင်ရွက်သွားမည်။

၆။ အဖွဲ့ချုပ်ဖျက်သိမ်းခံရလျှင် အဖွဲ့ချုပ်ပျက်စီးသည်ဟု မယူဆ၊ ပျက်စီးခြင်းမဟုတ်ဆိုတဲ့ ဒေါ်အောင်ဆန်းစုကြည်က CC ဗဟိုဦးစီးအဖွဲ့ကို ပေးလိုက်တဲ့ အမှာစာကို အစည်းအဝေးမှာ ဖတ်ပြခဲ့တယ်လို့ ဦးညဏ်ဝင်းက ပြောပါတယ်။

အစည်းအဝေးကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တွေနဲ့ ဗဟိုဦးစီးအဖွဲ့ဝင်တွေအပြင် လူငယ်ကိုယ်စားလှယ် (၅)ဦး တက်ရောက်တယ်လို့ သိရပါတယ်။ ပါတီ ဥက္ကဋ္ဌ ဦးအောင်ရွှေကတော့ ကျန်းမာရေးအခြေအနေကြောင့် မတက်ရောက်နိုင်ခဲ့ပေမယ့် လူထုခေါင်းဆောင် ဒေါ်အောင် ဆန်းစုကြည်ရဲ့ အဆုံးအဖြတ်ကို လိုက်နာမှာဖြစ်တယ်လို့ သဝဏ်လွှာပို့တာကို သတင်းတွေအရ သိရပါတယ်။

+++

**စစ်ကျွန်အဖြစ်နွံနှစ်မခံ**

# မင်းဆိုကို "မိုးကြိုး" ပစ်ပြီ

## အယ်ဒီတာ့အာဘော်

### "ဘူး"

၂၀၁၀ ခုနှစ် မတ်လ (၂၉) ရက်နေ့ NLD ရဲ့ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးက နအဖရဲ့ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအမှတ် ၂/ ၂၀၁၀ ဟာ မတရားတဲ့အမိန့်ဥပဒေတွေမို့ မှတ်ပုံမတင်ဘူးလို့ ကန့်ကွက်သူမရှိ တခဲနက် အတည်ပြုဆုံးဖြတ်ခဲ့ပါတယ်။

ဘယ်သူတွေက ဘယ်လောက်ကန့်ကွက်၊ ကန့်ကွက်၊ ပြည်သူတွေက ဘယ်လောက်ပဲ ရှုံ့ချ၊ ရှုံ့ချ နအဖကတော့ "သူ့မြင်းသူစိုင်း စစ်ကိုင်းရောက်ရောက်" ဆိုသလို ရွေးကောက်ပွဲကို တဖတ်သက်ကျင်းပပြီး ၂၀၀၈ အခြေခံဥပဒေကို အကောင်အထည်ဖော်ဖို့ လုပ်မှာပါပဲ။ သည်လိုအချိန်မှာ ဒီမိုကရေစီအင်အားစုနဲ့ ပြည်သူလူထုကြီးကိုစိန်ခေါ်တဲ့မေးခွန်းက "ကောင်းပြီ၊ ဒီလိုအခြေအနေမှာ ဘာတွေလုပ်ကြမလဲ" ဆိုတာပါပဲ။

ပြည်သူလူထုပါဝင်နိုင်တဲ့ နအဖစစ်အုပ်စုကို ထိထိရောက်ရောက် တိုက်ခိုက်နိုင်တဲ့၊ ရေတိုသာမက ရေရှည်သဘောဆောင်တဲ့၊ ကိုယ့်ဘက်က အကျအဆုံးနည်းပါးပြီး ရန်သူ့ဘက်ကအဆုံးအရှုံးများစေတဲ့ နည်းနာမျိုးကို အဓိကဦးစားပေးပြီး လုပ်ဆောင်ဖို့လိုပါတယ်။ လက်တွေ့ကျတဲ့တိုက်ပွဲကပေးလာတဲ့ အောင်ပွဲအသီးအပွင့်တွေကို လက်တွေ့ဆွတ်ယူ စားသုံးနိုင်တာကြောင့် ပြည်သူလူထုရဲ့အကြောက်တရားတွေကို တစထက်တစ လျော့ပါးလာစေပြီး ကိုယ့်ကိုယ်ကိုယုံကြည်မှုတိုးပွားလာရာကတဆင့် ပိုမိုပြင်းထန်တဲ့တိုက်ပွဲတွေကို ပေးအပ်လာတဲ့ အခြေအနေအရပ်ရပ်အပေါ် မှာမူတည်ပြီး တိုးလို့ တိုက်ပွဲဝင်သွားရမှာ ဖြစ်ပါတယ်။

အခြေခံကျတဲ့တိုက်ပွဲသေနင်္ဗျူဟာက ရှင်းပါတယ်။ ၂၀၀၈ အခြေခံဥပဒေအပါအဝင် ယုတ်စွအဆုံး ၂/ ၂၀၁၀ ကနေ ၅/ ၂၀၁၀ အထိ နအဖရဲ့ အမိန့်အာဏာတွေဟာ မတရားတဲ့အမိန့်အာဏာများဖြစ်ပါတယ်။ ဘာ့ကြောင့် နအဖက သည်လိုလက်ရဲ ဇက်ရဲမတရားတဲ့၊ ဖိနှိပ်တဲ့အမိန့် အာဏာတွေကို ထုတ်ပြန်ရဲတာလဲ။ ပြည်သူတွေရဲ့အကြောက်တရားကို သူတို့ စမ်းမိနေလို့ပါ။

ပြည်သူတွေက မကြောက်ဘူးဆိုတာ သူတို့ကို ဘယ်လိုအသိ ပေးရမလဲ။ အမှန်က သဘာဝက ပြည်သူဆိုတာ အနန္တစွမ်းအားရှင်ပါ။ သူရဲကောင်းပါ။ မကြောက်တတ်ပါ။ ကြောက်ရမယ်လို့ ယူဆထားတဲ့ အစဉ်အလာသဘော လှုံ့ဆော်စိတ်က ပြည်သူတွေကို ကြောက်တတ်သူများလို့ ယူဆစေတာဖြစ်ပါတယ်။ သည်အစဉ်အလာတွေးတောစိတ်ကို ဖယ်ရှားနိုင်တဲ့ နည်းကတော့ "ရေကြောင့်ဖြစ်တဲ့အညစ်အကြေးကို ရေဖြင့်သာ ဆေးကြောရာ၏" လို့ ဆိုသလို အကြောက်တရားကို အကြောက်တရားနဲ့ပဲ ဖယ်ရှားရမှာဖြစ်ပါတယ်။ "မလွတ်လပ်မှာကိုကြောက်တဲ့ အကြောက်တရားနဲ့သာ စစ်အာဏာရှင်ကိုကြောက်တဲ့ အကြောက်တရားကို ဖယ်ရှားဖို့ဖြစ်ပါတယ်။"

ဆုံးဖြတ်မှု၊ ပိုင်းဖြတ်မှုရှိသူတွေဟာ ကြောက်ပေမယ့် အကြောက်နည်းကြပါတယ်။ သူတို့က ပြည်သူလူထုကြီးကိုလမ်းပြပြီး မတရားတဲ့ အမိန့်အာဏာမှန်သမျှ တာဝန်အရဖီဆန်ရမယ့်တိုက်ပွဲကို တိုက်ကြရမှာဖြစ်ပါတယ်။ သည်အာဏာဖီဆန်ရေးတိုက်ပွဲကြီးရဲ့ ပထမဦးဆုံးခြေလှမ်းကတော့ ပြည်သူလူထုတရပ်လုံးပါဝင်နိုင်တဲ့အပြင် အဆုံးအရှုံးနည်းပေမယ့် အောင်မြင်မှုကြီးမားစေတဲ့ မပူးပေါင်း မဆောင်ရွက်ရေး "ဘူး" တိုက်ပွဲကြီး ဖြစ်ပါတယ်လို့ တင်ပြပါရစေ။

+++

# ၂၀၁၀ ရွေးကောက်ပွဲဥပဒေကို တုန့်ပြန်ကြ

မြန်မာစစ်အစိုးရ ထုတ်ပြန်လိုက်တဲ့ရွေးကောက်ပွဲဥပဒေကို ပြည်တွင်းပြည်ပက အတိုက်အခံအဖွဲ့အစည်းများနဲ့ နိုင်ငံတကာ အသိုင်းအဝိုင်းက ပုံစံအမျိုးမျိုးနဲ့ ဝေဖန်တုံ့ပြန်ခဲ့ကြပါတယ်။

၂၀၁၀ ခုနှစ်၊ မတ်လ (၉)ရက်က စတင်ထုတ်ပြန်လိုက်တဲ့ ရွေးကောက်ပွဲဆိုင်ရာဥပဒေအရ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အပါအဝင် အခြားတိုင်းရင်းသားနိုင်ငံရေးပါတီတွေက ခေါင်းဆောင်တွေနဲ့ အဖွဲ့ဝင်တွေကို ရွေးကောက်ပွဲပြင်ပရောက်ရှိအောင် ဦးတည်ရေးဆွဲထားတာကြောင့် အခုလို ဝေဖန်ပြောဆိုသံတွေ ထွက်ပေါ်လာတာဖြစ်ပါတယ်။



လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်

လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ဥပဒေကိုကြည့်လိုက်တာနဲ့ ပုဂ္ဂိုလ်တဦးတယောက်ကို ရည်ညွှန်းပြီး ရေးဆွဲထားသလို ထင်ရတဲ့အချက်တွေ အများကြီးပါနေတဲ့အတွက် ရှက်စရာကောင်းပြီး ဥပဒေရဲ့ ဂုဏ်သိက္ခာကိုလည်း ကျဆင်းစေတယ်လို့ပြောပြီး ဒီဥပဒေက လူ့အခွင့်အရေးကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်လိုက်တာဖြစ်တာကြောင့် ပြည်သူတွေအနေနဲ့ ညီညီညွတ်ညွတ်တုံ့ပြန်ဖို့သာလိုတယ်လို့ လူထုခေါင်းဆောင်က ပြောဆိုလိုက်ပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဦးတင်ဦး က ၁/၈၈နဲ့ ပတ်သက်ပြီး အရင်ရွေးကောက်ပွဲကော်မရှင်နဲ့ ပတ်သက်သမျှတွေဟာ အခုထုတ်ပြန်လိုက်တဲ့ဥပဒေအရ ပျက်ပြယ်သွားတဲ့သဘောဖြစ်ပေမယ့် လွှတ်တော်ကိုယ်စားပြုကော်မတီကတော့ လွှတ်တော်ခေါ်တဲ့အထိဆိုတဲ့အနေနဲ့ လွှတ်တော်ခေါ်ရင် အလိုအလျောက် ပျက်သွားမှာဖြစ်ပြီး အခုထိတော့ ရပ်တည်နေသေးတယ်လို့ ပြောပါတယ်။



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဦးတင်ဦး

၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို လက်မခံတဲ့အတွက်ကြောင့် ပါတီထူထောင်ဖို့အတွက်သော်လည်းကောင်း၊ ရွေးကောက်ပွဲဝင်ဖို့အနေနဲ့ သော်လည်းကောင်း စဉ်းစားမှာမဟုတ်ပါဘူး။ နောက်တခုက ထောင်ဒဏ်ကျခံနေရတဲ့သူများဟာ ပါတီခေါင်းဆောင်များအဖြစ်နဲ့သော်လည်းကောင်း၊ ပါတီဝင်အဖြစ်နဲ့သော်လည်းကောင်း ပါဝင်ခွင့်မရဘူးဆိုတဲ့ အပိုဒ်တပိုဒ်ပါပါတယ်။ ပြီးတော့ ထောင်ဒဏ်ကျခံနေရတဲ့ အဖွဲ့ဝင်တွေကို ပါတီကထုတ်ပယ်တာတွေ မလုပ်ဘူးဆိုရင် ပါတီကိုဖျက်သိမ်းရမယ်ဆိုတဲ့ အပိုဒ်တပိုဒ်လည်းပါပါတယ်၊ အဲဒါကတော့ အထူးသဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ဟာ ထောင်ဒဏ် တနှစ်ခွဲကျခံနေရတယ်ဆိုတော့ ဒါဟာ ဒေါ်အောင်ဆန်းစုကြည်နဲ့သော်လည်းကောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ သော်လည်းကောင်း တိုက်ရိုက်သက်ဆိုင်နေတဲ့အပိုဒ်တွေ ဖြစ်ပါတယ်။ ဒါတွေကို ခြုံငုံပြီးကြည့်လိုက်မယ်ဆိုရင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့သော်လည်းကောင်း၊ တိုင်းရင်းသားပါတီအနေနဲ့သော်လည်းကောင်း ရွေးကောက်ပွဲမှတ်ပုံတင်ဥပဒေဟာ ပြန်လည် မှတ်ပုံတင်ဖို့အနေနဲ့ အခက်အခဲ အကျပ်အတည်းဖြစ်စေတဲ့ ပုဒ်မတွေဖြစ်တယ်လို့ ကျနော့အနေနဲ့ သုံးသပ်မိပါတယ်။ ဆက်ပြီးတော့ ပြည်နယ်ဥပဒေပြုခွင့်ဆိုတာလဲ ဘာမှ မယ်မယ်ရရ မပါလာတဲ့အပြင် တပ်မတော်က ကိုယ်စားလှယ်တွေကလည်းပဲ လွှတ်တော်ကိုယ်စားလှယ်တွေဖြစ်တယ်လို့ပါတယ်။ အဲဒီတော့ ပြည်နယ်တွေမှာလည်း အဲလိုရာနှုန်းအလိုက်ပါမယ်။ ပါတဲ့အပြင်ကို ပြည်နယ်တွေရဲ့ ဝန်ကြီးချုပ်တွေ၊ သမတတွေခန့်ရာမှာ အခြေခံအချက်အလက်တွေနဲ့ မကိုက်ညီတာတောင် သမတက အဆိုပြုနိုင်တယ်လို့ ဖွဲ့စည်းပုံမှာ ဆိုထားတယ်။ ဒီဖွဲ့စည်းပုံအရဆိုရင် မြန်မာနိုင်ငံဟာ ဒီမိုကရေစီနိုင်ငံဖြစ်ဖို့ တော်တော့ကို အလှမ်းဝေးသွားမယ်။ ဒါကို မပြင်ဘူးဆိုရင်တော့ ကျနော်တို့ ရွေးကောက်ပွဲဝင်ဖို့ စဉ်းစားဖို့မဖြစ်နိုင်ဘူးလို့ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ အတွင်းရေးမှူး ဦးအေးသာအောင်က ပြောပါတယ်။

“နဂိုတည်းက ဒီအခြေခံဥပဒေကို မထောက်ခံဖို့ဆိုတဲ့ကြားမှာ အခု ပါတီတွေထောင်တဲ့အခါမှာ ဒီ အခြေခံဥပဒေကို ကာကွယ်ပါ့မယ်ဆိုတဲ့ ဝန်ခံချက်တွေ ထားရမယ်ဆိုတော့ အားလုံးတောင် ဘာမှရစရာမရှိအောင် ဖြစ်သွားတယ်လေ” လို့ ဖိုမီး အမျိုးသားကွန်ဂရက် ဥက္ကဋ္ဌ ပူကျင့်ရှင်းထန်က ပြောတာပါ။



ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ အတွင်းရေးမှူး ဦးအေးသာအောင်

ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်းကလည်း “ပထမ တချက်ပြောရမှာက ၂၀၁၀ မှာ ရွေးကောက်ပွဲကျင်းပမယ်လို့ အတိအလင်း ပြောထားကြတယ်။ ဘယ်လလဲဆိုတာ ခုထက်ထိ ကျနော်တို့ မသိသေးဘူး။ အခု ၂၀၁၀ မတ်လ ရောက်နေပြီဆိုတော့ လူတွေက သိချင်တယ်။ ဘယ်တော့မှ ရွေးကောက်ပွဲလုပ်မှာလဲ၊ ဒါကို အတိအလင်း မကြေညာသေးဘဲနဲ့ ဒီ ကော်မရှင် ဥပဒေကို ထုတ်လိုက်တာဟာ ဒီလောက်စိတ်ဝင်စားစရာ ကျနော် မမြင်ဘူး”လို့ ရွေးကောက်ပွဲဥပဒေ ထုတ်ပြန်တဲ့အပေါ်ကို တုန့်ပြန်ပြောပါတယ်။

ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ်ဥက္ကဋ္ဌ ဦးစိုင်းလိတ်ကလည်း “၂၀၀၈ အခြေခံဥပဒေကို လက်မခံခဲ့တဲ့အတွက် ရွေးကောက်ပွဲဝင်ဖို့ကို မစဉ်းစားတဲ့အကြောင်းနဲ့ ဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးကို ထောင်ချထားတဲ့အတွက်ကြောင့် သူတို့ကိုပြန်လွှတ်မပေးသရွေ့ပါတီပြန်ဖွဲ့ဖို့ကိုလည်း မစဉ်းစားဘူး” လို့ ပြောပါတယ်။

၈၈မျိုးဆက်ကျောင်းသားလူငယ်များအဖွဲ့ (ပြည်ထောင်စုမြန်မာနိုင်ငံ) ဥက္ကဋ္ဌ ကိုအေးလွင်ကတော့ “အဖွဲ့အစည်းဖွဲ့မယ်ဆိုရင် အသင်းအဖွဲ့ဥပဒေရယ်၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ရယ် အဲဒီနှစ်ခုပဲရှိတယ်လေ။ အခု လောလောဆယ်မှာ ဒီဥပဒေထွက်လာတော့ နိုင်ငံရေးလုပ်မယ့်လူတွေအတွက် လမ်းပွင့်သွားတာပေ့ါ”လို့ မဇ္ဈိမ ကို ပြောပါတယ်။

ရွေးကောက်ပွဲဝင်ဖို့ ပြင်ဆင်ပြီးဖြစ်နေတဲ့ ကချင်ပြည်နယ် တိုးတက်ရေးပါတီဥက္ကဋ္ဌ ဒေါက်တာတူးဂျာကလည်း “အခုသိပ်မကြာမီရက်ပိုင်းမှာ ပါတီဖွဲ့စည်းမှာဖြစ်တယ်။ ပါတီဖွဲ့စည်းပြီးတော့ ပါတီမှတ်ပုံတင်လျှောက်ဖို့ရှိတာ

စာမျက်နှာ (၅) ကော်လံ (၁) သို့ ...

စာမျက်နှာ (၄) မှအဆက်....

ပေါ့၊ အဲဒီလို တဆင့်ချင်း ဆက်လုပ်သွားမယ်၊ ပြီးလို့ရှိရင်တော့ စည်းရုံးရေးဆင်းဖို့ ခွင့်ပြုချက်ရပြီဆိုရင် နယ်တွေ ကွင်းဆင်းပြီး ဟောပြောတာတွေ ဘာတွေတော့ လုပ်ကြမယ်။" လို့ ပြောပြီး ရွေးကောက်ပွဲနောက်ပိုင်းမှာ ကောင်းမွန်တဲ့ အပြောင်းအလဲတွေဖြစ်လာလိမ့်မယ်လို့ မျှော်လင့်တဲ့ အကြောင်း ပြောပါတယ်။

ကရင်အမျိုးသားအစည်းအရုံး (ကေအန်ယူ) ရဲ့ ဒုဥက္ကဋ္ဌဖြစ်တဲ့ ဖဒိုဒေးဗစ်သာကပေါကတော့ "ကျနော်တို့ သုံးပွင့်ဆိုင်တွေ၊ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက်ဆွေးနွေး၊ တယောက်နဲ့ တယောက် ယုံကြည်မှုတည်ဆောက်၊ အဲဒီမှာ ကြားဖြတ်အစိုးရဖွဲ့၊ နောက်ပြီးတော့ ကျနော်တို့ အဲဒီအခါကျမှ အများလိုလားတဲ့၊ အများပြည်သူလက်ခံတဲ့ အခြေခံဥပဒေဆွဲ၊ အဲဒီကမှတဆင့် ဒီမိုကရေစီလည်းကျတယ်၊ ပြည်ထောင်စုလည်းကျတဲ့အစိုးရကို ဖော်ထုတ်ရမှာ" လို့ ဒီဗွီဘီကို ပြောပါတယ်။

အခုထုတ်ပြန်လိုက်တဲ့ဥပဒေကို ဆန့်ကျင်ဖို့ဆုံးဖြတ်ပြင်ဆင်ထားတဲ့ အကြောင်းနဲ့ တကာတကာမတွေ ဒုက္ခအခက်အခဲနဲ့ ရင်ဆိုင်ရတဲ့အခါတိုင်း ရှေ့ကနေ ပါဝင်ဖြေရှင်းပေးခဲ့ကြတယ်ဆိုတဲ့ သာဓကတွေရှိခဲ့တဲ့အကြောင်းကို သံဃာ့တပ်ပေါင်းစုအဖွဲ့ကြီးရဲ့ ပြောခွင့်ရဆရာတော် အရှင်ဇဝနက အာရ်အက်ဖ်အေကို ပြောပါတယ်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းက အားလုံးပါဝင်နိုင်တဲ့ နိုင်ငံရေးလုပ်ငန်းစဉ်တရပ်လို့ မျှော်လင့်လို့မရနိုင်ဘူးလို့ ကြေညာချက်ထုတ်ပြန်ခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ မြန်မာနိုင်ငံသားအားလုံး ဒီ ရွေးကောက်ပွဲမှာ လွတ်လွတ်လပ်လပ်နဲ့ပါဝင်ခွင့် ပေးခြင်းအားဖြင့် လွတ်လပ်မျှတပြီး အများက ယုံကြည်လက်ခံနိုင်တဲ့ ရွေးကောက်ပွဲတခုဖြစ်လာအောင်လုပ်ဖို့ အတွင်းရေးမှူးချုပ်က မြန်မာအာဏာပိုင်တွေကို ထပ်မံတိုက်တွန်းလိုက်ပြန်ပါတယ်။

အထက်လွှတ်တော်အမတ် မစ်ချ်မက်ကောနဲလ် (Mitch McConnel) ကတော့ "အခုလို ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားတွေ ရွေးကောက်ပွဲမှာ ပါဝင်ခွင့်မပေးဘူးဆိုတာ ဒီ စစ်အစိုးရအနေနဲ့ အာဏာ ဆက်ကိုင်ထားဦးမယ်ဆိုတာ ရှင်းရှင်းလင်းလင်း ပြသလိုက်တာဖြစ်တယ်" လို့ ပြောပါတယ်။

အမေရိကန်နိုင်ငံခြားရေးဌာနက ပြောခွင့်ရသူ P.J Crowley ကတော့ "ဒီနှစ်ရွေးကောက်ပွဲဟာ စစ်မှန်ပြီး တရားမျှတတဲ့ရွေးကောက်ပွဲဖြစ်ဖို့ ကျနော်တို့ သံသယရှိပါတယ်၊ မြန်မာအစိုးရကို ပထမအဆင့်အနေနဲ့ နိုင်ငံရေးလောကက သက်ဆိုင်တဲ့သူအားလုံးနဲ့ စစ်မှန်တဲ့ တွေ့ဆုံဆွေးနွေးပွဲတွေလုပ်ဖို့ ကျနော်တို့ တိုက်တွန်းလိုပါတယ်" လို့ သတင်းထောက်တွေကို ပြောပါတယ်။

အာရှနဲ့ပစိဖိတ်ဒေသဆိုင်ရာ အမေရိကန်လက်ထောက်နိုင်ငံခြားရေး ဝန်ကြီး ကာတ့်ကမ်းဘဲလ်ကလည်း ဒေါ်အောင်ဆန်းစုကြည် ပြန်လည်လွတ်မြောက်ပြီး မြန်မာ့နိုင်ငံရေးမှာ အပြည့်အဝ ပါဝင်ခွင့်ပြုရမယ်ဆိုတဲ့မူပေါ်မှာပဲ ဆက်ပြီးရပ်တည်သွားမှာ ဖြစ်တယ်လို့ ပြောပါတယ်။

အာဆီယံရေးရာသံတမန် စကော့မာစီယယ် (Scot Marciel) ကလည်း "ငြိမ်းချမ်းတည်ငြိမ်ပြီး ညီညွတ်သောနိုင်ငံကို တည်ဆောက်လိုလျှင် စစ်အစိုးရနှင့် နိုင်ငံရေးပါတီများ၊ လူနည်းစု တိုင်းရင်းသားအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးရေးသည်သာ တခုတည်းသောလမ်းဖြစ်တယ်" လို့ ပြောပါတယ်။

လူ့အခွင့်အရေး အထူးသံတမန်အဖြစ် မြန်မာနိုင်ငံကို လာရောက်ခဲ့တဲ့ မစ္စတာကွင်တားနားကလည်း "နိုင်ငံ တကာအဆင့်မမီတဲ့ ၁၉၇၄ ခု ဥပဒေနဲ့ ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းထားသည်မှာ တရားမျှတမှုမရှိဘူး" လို့ ထုတ်ဖော်ပြောဆိုပါတယ်။

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီးရဲ့ပြောခွင့်ရ မစ္စတာဘင်ဂျမင်ဇဝါးကီး (Mr.Benjamin Zawacki) က "အခု ထုတ်ပြန်လိုက်တဲ့ ဥပဒေဟာ နိုင်ငံရေးအကျဉ်းသားတွေအတွက် ရှိပြီးသားအနာပေါ် ဆားထပ်ဖြူးလိုက်တာလို့ပဲ မြင်ကြောင်းနဲ့ နိုင်ငံရေးရပိုင်ခွင့်တွေ ပိုပြီးဆုံးရှုံးသွားအောင်၊ နိုင်ငံရေးပါတီတွေမှာ ဝင်ရောက်ခွင့် ပိတ်ပင်ခံလိုက်ရတဲ့အတွက် ဒီဥပဒေကို ပြင်ဆင်ရပ်သိမ်းသင့်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ဟာ မြန်မာနိုင်ငံတွင်းမှာ ဖမ်းဆီးအကျဉ်းချခံထားရတဲ့ နိုင်ငံရေးအကျဉ်းသားတွေကို အများကြီး ကိုယ်စားပြုနေပါတယ်။ သူမကို ဘယ်တုန်းကမှ ဖမ်းဆီးအကျဉ်းချဖို့ မသင့်ပါဘူး။ အခု စစ်အစိုးရ ပါတီမှတ်ပုံတင်ဥပဒေဟာ ဒေါ်အောင်ဆန်းစုကြည်က (NLD) ပါတီမှာ ဘယ်လိုမှ မပါဝင်နိုင်အောင်၊ ဒါမှမဟုတ် ပါတီဖျက်သိမ်းရအောင် တမင် စီမံရေးဆွဲထားတာဖြစ်နိုင်တယ်" လို့ ပြောပါတယ်။

မတ်လ ၉ ရက်ကစလို့ ထုတ်ပြန်ကြေညာလိုက်တဲ့ စစ်အစိုးရရဲ့ ရွေးကောက်ပွဲကော်မရှင်ဥပဒေပါ ဥပဒေပုဒ်မ ၄၊ ပုဒ်မ ၁၀နဲ့ ပုဒ်မ ၁၂ တို့က ကန့်သတ်ပြဋ္ဌာန်းလိုက်တဲ့အပေါ် ပြည်တွင်းပြည်ပနဲ့ နိုင်ငံတကာက အခုလို ဝေဖန်ပြောဆိုလာကြတာ ဖြစ်ပါတယ်။

# အဖွဲ့ချုပ်ပိုမိုအားကောင်းစေရန် ဗဟိုဦးစီး အသစ်ဖွဲ့စည်း



၂၉.၀၃.၂၀၁၀ တွင်ပြုလုပ်သောဗဟိုဦးစီးအဖွဲ့အစည်းအဝေးသို့တက်ရောက်လာသည့်တိုင်းနှင့်ပြည်နယ်များမှဗဟိုဦးစီးအဖွဲ့ဝင်များ

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ရဲ့ နိုင်ငံရေးဦးဆောင်မှုကို ပိုမိုထိရောက်စွာလုပ်ဆောင်နိုင်ဖို့အတွက် မူလဗဟိုဦးစီးအဖွဲ့ကို မတ်လ (၁) ရက်က အသစ်ပြင်ဆင်ဖွဲ့စည်းလိုက်ပါတယ်။

အခုလို ဗဟိုဦးစီးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းလိုက်ရာမှာ အဖွဲ့ဝင် (၁၀၀) အပြင် အရန်(၈) ဦးတို့ပါပြီး စစ် အစိုးရကျင်းပမယ့် ရွေးကောက်ပွဲနဲ့ တိုက်ရိုက်မပတ်သက်သော်လည်းပဲ ဆက်စပ်မှုတော့ရှိတယ်လို့ ဦးဉာဏ်ဝင်းက အာရ်အက်ဖ်အေကို ပြောပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ ရှေ့မှာရင်ဆိုင်ရမယ့်နိုင်ငံရေးအခင်းအကျင်းတွေကို ဖြတ်သန်းဖို့အတွက် ပိုမိုညီညွတ်ပြီး၊ အင်အားရှိဖို့ အရေးတကြီးလိုအပ်တာကြောင့် အခုလို ဖွဲ့စည်းလိုက်တာဖြစ်တယ်လို့လည်း ပြောပါတယ်။

အဖွဲ့ချုပ်ဗဟိုဦးစီးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းတာနဲ့ပတ်သက်ပြီး နေအိမ်မှာ အကျယ်ချုပ်ကျခံနေရတဲ့ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်ရဲ့ သဘောတူညီချက်နဲ့ အကြံပြုဆွေးနွေးတာတွေလည်း ပါဝင်တယ်လို့ ဦးဉာဏ်ဝင်းက ပြောပါတယ်။

ဗဟိုဦးစီးအဖွဲ့ဟာ အောက်ခြေမှာရှိတဲ့ မြို့နယ်၊တိုင်း၊ ပြည်နယ်တွေရဲ့ နိုင်ငံရေး၊ စီးပွားရေးနဲ့ ပတ်သက်တဲ့ကိစ္စတွေမှာ ပိုမိုထိရောက်အောင် ဆောင်ရွက်နိုင်မှာဖြစ်ပြီး အခြေခံအဖွဲ့တွေနဲ့ တိုက်ရိုက်ဆက်သွယ်နိုင်မယ့် အခွင့်အရေးရရှိထားသူတွေ ဖြစ်တာမို့ တိုင်းနဲ့ပြည်နယ်အဖွဲ့တွေက တင်ပြတာတွေကို စောင့်နေစရာမလိုဘဲ သင့်တော်သလိုဆောင်ရွက်နိုင်တာကြောင့် စီစီအသစ်ဖွဲ့စည်းလိုက်တာဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အတွက် အင်အားတရပ်အဖြစ် ယုံကြည်ပါတယ်လို့ အဖွဲ့ချုပ်ရဲ့ ပြောခွင့်ရသူ ဦးခင်မောင်ဆွေက ပြောပါတယ်။

စာမျက်နှာ (၁၅) လူထုစိန်ဝင်းမှ အဆက်...

ကြီးလူကောင်းတွေလိုပဲ စကားပြောကြပါ။ ဆွေးနွေးကြပါ၊ အဖြေရှာကြပါလို့ တိုက်တွန်းနေတာဖြစ်တယ်။ ဒါမလုပ်ရင် ဘာလုပ်မလဲဆိုတာက တိုင်းသူပြည်သားတွေရဲ့ တာဝန်မဟုတ်ဘူး။ နိုင်ငံရေးသမားတွေ၊ နိုင်ငံကိုဦးဆောင်တယ်ဆိုသူတွေရဲ့ သူတို့ရဲ့ တာဝန် ဖြစ်တယ်။ ဒီတာဝန်ကို သူတို့ဟာ ကျေပြွန်အောင် ထမ်းဆောင်ဖို့အတွက် သူတို့ဟာ ဒီနည်းလမ်းတွေကို ရှာရမှာပဲ။

*(မိုးမခမှ ကူးယူဖော်ပြပါသည်။)*

စာမျက်နှာ (၁၈) မှအဆက်....

အဲဒီအခါ စစ်မှန်တဲ့ ပြည်ထောင်စု တခု ပေါ်ထွက်လာမယ်လို့ ရွေးကောက်ပွဲ မတိုင်မီ အခင်းအကျင်းတွေအရ မျှော်လင့်လို့ရတယ်"

"အခုက အဲဒီလို မျှော်လင့်လို့မရဘူး။ ဖွဲ့စည်းပုံကို တဖက်သတ်ရေးဆွဲတယ်။ ညီလာခံကလည်း ပင်လုံလိုမျိုး မဟုတ်ဘဲ တဖက်သတ်ကျင်းပတယ်။ သူတို့ ချမှတ်ထားတဲ့မူအတိုင်း တဖတ်သတ် ရေးဆွဲတယ်။ တိုင်းရင်းသားတွေရဲ့ အခွင့်အရေးကိုလည်း လျစ်လျူရှုတယ်။ ၉၀ တုန်းက နဝတဟာ အခြေခံဥပဒေကို အကာအကွယ်ယူထားတာ မရှိဘူး။ ဒီ ၂၀၁၀ မှာတော့ နအဖက ၂၀၀၈ အခြေခံဥပဒေနဲ့ အကာအကွယ်ယူထားတယ်။ အဲဒါတွေ ကွာခြားတယ်"

## ၁၉၉၀ ရွေးကောက်ပွဲရလဒ်အပေါ် သဘောထား

"ကျနော်တို့ကတော့ ဒီ ၉၀ ရလဒ်ကို ဆုပ်ကိုင်ထားမယ်။ ၉၀ ရလဒ်ဟာ နဝတ က ကျင်းပပေးတာ ဖြစ်ပေမယ့် လွတ်လပ်ပြီး တရားမျှတတယ်။ နိုင်ငံတကာကလည်း အသိအမှတ်ပြုတယ်။ ကြေလည်း ကြေညာပြီးပြီ။ ဒါကို တစုံတခုသောနည်းလမ်းနဲ့ မဖော်ဆောင်ဘူးဆိုရင် နိုင်ငံအတွက်ရော၊ နိုင်ငံရေးသမိုင်းမှာပါ အမည်းစက်တခုအဖြစ် တင်ကျန်ခဲ့မှာ ဖြစ်တယ်။ မကောင်းတဲ့ အစဉ်အလာတခုပဲ။ ဒါကို တနည်းနည်းနဲ့ သိက္ခာရှိရှိ အကောင်အထည် ဖော်စေချင်တယ်။ အကောင်အထည် မဖော်မချင်း ဆုပ်ကိုင်ထားမယ်"

## ရွေးကောက်ပွဲလွန်ကာလ ဖြစ်လာနိုင်မည့် အနေအထား

"ဒီရွေးကောက်ပွဲဟာ တိုင်းရင်းသားတွေရဲ့ အခွင့်အရေးကို ဖော်ဆောင်ပေးနိုင်မယ်လို့ မယူဆဘူး။ အဲတော့ ရွေးကောက်ပွဲလွန်ကာလမှာ တိုင်းရင်းသားတွေရဲ့ ကျေနပ်မှုကိုလည်း ရမယ်မထင်

စာမျက်နှာ (၁၄) ကော်လံ (၃) သို့...

# မြန်မာ့အရေး လုံခြုံရေးကောင်စီမှာဆွေးနွေး



ကုလသမဂ္ဂဆိုင်ရာ ဗြိတိန်သံအမတ်ကြီး ဆာမာခ့်ဂရန့်



ကုလသမဂ္ဂဆိုင်ရာ တရုတ်သံ အမတ် လီဘောင်ဒေါင်း

မြန်မာနိုင်ငံမှာ စစ်မှန်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်ဖို့အတွက် လုံခြုံရေးကောင်စီမှာ တွေ့ဆုံကြဖို့ ဗြိတိန်နဲ့ပြင်သစ်နိုင်ငံတို့က ဦးဆောင်တောင်းဆိုလိုက်တာကြောင့် မတ်လ ၂၄ ရက်မှာ အလွတ်သဘောဆွေးနွေးခဲ့ကြပါတယ်။

မြန်မာနိုင်ငံက ရွေးကောက်ပွဲကျင်းပပြီးနောက်ပိုင်း ဖြစ်လာမယ့် မတည်ငြိမ်မှုတွေက နိုင်ငံတကာ ငြိမ်း ချမ်းရေးနဲ့ လုံခြုံရေးကိုခြိမ်းခြောက် လာနိုင်တယ်လို့ ကုလသမဂ္ဂဆိုင်ရာ ဗြိတိန်သံအမတ်ကြီး ဆာမာခ့်ဂရန့် (Sir Mark Grant) က အလွတ်သဘော ဆွေးနွေးအပြီးမှာ ပြောပါတယ်။

ကုလသမဂ္ဂဆိုင်ရာ တရုတ်သံ အမတ်လီဘောင်ဒေါင်း (Li Baodong) ကတော့ မြန်မာနိုင်ငံရဲ့ ရွေးကောက်ပွဲ ဥပဒေတွေကိုဝေဖန်ပြောဆိုဖို့နဲ့ ပါဝင်ပတ်သက်ဖို့တွေက ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ အခန်းကဏ္ဍမရှိဘူးလို့ ဆွေးနွေးပြောဆိုပါတယ်။

အဲဒါနဲ့ပတ်သက်လို့လဲ ဗြိတိန်သံအမတ်ကြီးက သဘောမတူကြောင်းနဲ့ မြန်မာ့အရေးက လုံခြုံရေးကောင်စီရဲ့ ဆွေးနွေးရမယ့် အစီအစဉ်တွေထဲမှာ ရှိနေကြောင်း၊ ဆွေးလည်းဆွေးနွေးခဲ့ကြောင်း လုံခြုံရေးကောင်စီဥက္ကဋ္ဌရဲ့ ထုတ်ပြန်ချက်တွေလည်းရှိနေတဲ့အကြောင်း ချေပပြောဆိုပါတယ်။

ဒါ့အပြင် ဒေါ်အောင်ဆန်းစုကြည် အပေါ်ချမှတ်တဲ့ပြစ်ဒဏ်နဲ့ ပတ်သက်ပြီး ပြင်ဆင်ချက်လျှောက်ထားတာကို ပယ်ချတဲ့ကိစ္စ၊ လူအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ အထူးစုံစမ်းစစ်ဆေးရေးမှူးရဲ့ အစီရင်ခံစာကိစ္စနဲ့ မကြာခင်ကမှထုတ်ပြန်ခဲ့တဲ့ ရွေးကောက်ပွဲဥပဒေကိစ္စတွေကို ကုလ အတွင်းရေးမှူးချုပ်ရဲ့ ယာယီအကြံပေး ပုဂ္ဂိုလ်မစ္စတာ ဗီဂျေး နမ်ဘီးယားက လုံခြုံရေးကောင်စီကို အစီရင်ခံတင်ပြခဲ့တယ်လို့ ဗြိတိန်သံအမတ်က သတင်းထောက်တွေကို ပြောပါတယ်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ အစီအစဉ်နဲ့မြန်မာ့အရေး မိတ်ဆွေ နိုင်ငံများအစည်းဝေးကို ဩစတြေးလျ၊ အင်ဒိုနီးရှား၊ ရုရှား၊ အမေရိကန်၊ တရုတ်၊ ဂျပန်၊ စင်ကာပူ၊ ဗီယက်နမ်၊ ပြင်သစ်၊ နော်ဝေ၊ ထိုင်း၊ အိန္ဒိယ၊ ပေါ်တူဂီနဲ့ ဗြိတိန်နိုင်ငံတို့ကို ဖိတ်ကြားခဲ့ပြီး ကုလသမဂ္ဂရုံးချုပ်မှာ မတ်လ ၂၅ ရက်က ဆက်လက် ဆွေးနွေးခဲ့ပါတယ်။

"အခုရွေးကောက်ပွဲဟာ မြန်မာပြည်သူအားလုံးအတွက် တည်ငြိမ်ရေး၊ ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်လုပ်ဆောင်ရမှာဖြစ်တယ်။ ဒါဟာ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံး ပြန်လွှတ်ပေးရေးနဲ့ အခြေခံလွတ်လပ်မှုတွေကို လေးစားဖို့ပါပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာပါဝင်နိုင်ဖို့ အခြေအနေတွေကိုလည်း အစိုးရက ဖန်တီးပေးရမှာဖြစ်တယ်"လို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းက ပြောဆိုခဲ့ပါတယ်။

အဲဒီအပြင် မြန်မာနိုင်ငံရဲ့ နိုင်ငံရေး အခြေအနေ တိုးတက်ပြောင်းလဲမှု မရှိတာ အပါအဝင် လူ့အခွင့်အရေးနဲ့ ပတ်သက်တဲ့ ကိစ္စတွေကိုလည်း တင်ပြ ဆွေးနွေးခဲ့ကြတယ်လို့ သတင်းတွေအရ သိရပါတယ်။

အတွင်းရေးမှူးချုပ်ရဲ့ မြန်မာ့ မိတ်ဆွေနိုင်ငံများအဖွဲ့မှာ လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် (၅) နိုင်ငံ အပါအဝင် ဥရောပနဲ့အာရှက နိုင်ငံ (၁၅) နိုင်ငံ ပါဝင်ပါတယ်။



# ဒေါ်စုပါဝင်ခွင့်မရှိတဲ့ရွေးကောက်ပွဲကြောင့် ပေးနေတဲ့အကူအညီတွေ ရပ်တော့မယ်လို့ ဂျပန်ပြော



ဂျပန်နိုင်ငံခြားရေးဝန်ကြီး ကတ်ဆုယာအိုကာဒါ

ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အခြားနိုင်ငံရေးခေါင်းဆောင်တွေကို ရွေးကောက်ပွဲမှာ ပါဝင်ခွင့်မပြုဘူးဆိုရင် ပေးနေတဲ့အကူအညီတွေကို ရပ်ဆိုင်းလိုက်တော့မှာဖြစ်တယ်လို့ ဂျပန်အစိုးရရဲ့သဘောထားကို ကျိုတို သတင်းမှာ ရေးသားထားပါတယ်။

အခုလက်ရှိဂျပန်အစိုးရဟာ ပြီးခဲ့တဲ့ ၂၀၀၉ ခုနှစ်ဩဂုတ်က အာဏာရခဲ့ပြီး မကြာခင်မှာဘဲ ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေး အကျဉ်းသားအားလုံးကို ပြန်လွှတ်ပေးမယ်ဆိုရင် မြန်မာနိုင်ငံကို အကူအညီတွေ တိုးပေးမယ်လို့ ပြောခဲ့ပါတယ်။

အခုတခါ စစ်အစိုးရရဲ့ ရွေးကောက်ပွဲဥပဒေထွက်လာပြီး နောက်ပိုင်းမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ အခြားနိုင်ငံရေးခေါင်းဆောင်တွေကို ရွေးကောက်ပွဲမှာမပါနိုင်အောင် ကန့်သတ်လိုက်ပါတယ်။

ဒါ့ကြောင့် နိုင်ငံခြားရေးဝန်ကြီး ကတ်ဆုယာအိုကာဒါက မြန်မာနိုင်ငံသံအမတ်ကြီးဦးလှမြင့်နဲ့ သတင်းထောက်တွေကို မတ်လကုန်ပိုင်းကဘဲ တွေ့ဆုံပြီး စီးပွားရေး အကူအညီပေးတာတွေကို ရပ်ဆိုင်းတော့မယ်လို့ ပြောလိုက်တာဖြစ်ပါတယ်။

ဂျပန်အစိုးရဟာ လွန်ခဲ့တဲ့ (၁၀) နှစ်ကာလအတွင်း မြန်မာစစ်ခေါင်းဆောင်တွေကို အလျှော့အတင်းတွေနဲ့ ဆက်ဆံလာခဲ့တာပါ။ အခုတက်လာတဲ့ဂျပန်အစိုးရသစ်ကတော့ မြန်မာနိုင်ငံရဲ့ဒီမိုကရေစီအရေးကို တက်တက်ကြွကြွနဲ့ ပါဝင်လုပ်ဆောင်ခဲ့သူတွေဖြစ်တာကြောင့် မြန်မာစစ်ခေါင်းဆောင်တွေနဲ့ ဆက်ဆံတဲ့နေရာမှာ အရင်အစိုးရတွေထက်ပိုပြီး ပြတ်သားကြမှာဖြစ်တယ်လို့ ဂျပန်နိုင်ငံအခြေစိုက် ပြည်ထောင်စု မြန်မာနိုင်ငံအမျိုးသားကောင်စီက ဒေါက်တာမင်းညိုက ဗွီအိုအေကို သုံးသပ် ပြောဆိုပါတယ်။

## ဒေါ်အောင်ဆန်းစုကြည်ကိုပိတ်ပင်တဲ့ ရွေးကောက်ပွဲဥပဒေ



ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၀)
နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများ
၁၃၇၁ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်
(၂၀၁၀ ပြည့်နှစ် မတ်လ ၁၇ ရက်)

မတ်လ ၉ ရက်က ထုတ်ပြန်လိုက်တဲ့ စစ်အစိုးရရဲ့ ရွေးကောက်ပွဲဥပဒေပါအချက်များအရ ဒေါ်အောင်ဆန်းစုကြည်ကို ရွေးကောက်ပွဲမဝင်နိုင်အောင် ကန့်သတ်မှုတွေ လွန်ကဲနေတယ်လို့ မကြာခင်ကမှ နေအိမ်အကျယ်ချုပ်ကလွတ်မြောက်လာတဲ့ အဖွဲ့ချုပ်ဒုဥက္ကဋ္ဌဦးတင်ဦးက ပြောပါတယ်။

မြန်မာပြည်သူတရပ်လုံးက ထောက်ခံခဲ့တဲ့ အဓိကပါတီကြီးရဲ့ ခေါင်းဆောင်ဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ အဓိကကျတဲ့ခေါင်းဆောင်တွေကို ဥပဒေပုဒ်မ ၄ နဲ့ ပုဒ်မ ၁၀ တို့က ရွေးကောက်ပွဲမှာ ပါဝင်ခွင့်မရအောင် ချုပ်နှောင်ထားတာဖြစ်ပါတယ်။

ရွေးကောက်ပွဲဥပဒေရဲ့ အဆိုအရ ပြစ်ဒဏ်ကျထားသူများ အပါအဝင် ပြစ်ဒဏ်နဲ့ပတ်သက်ပြီး အထက်တရားရုံးကိုအယူခံတို့ ပြင်ဆင်ချက်တို့ တင်သွင်းနေတဲ့ အတောအတွင်း အထိသက်ဆိုင်တယ်လို့ဆိုပါတယ်။

ပုဒ်မ ၁၂ ရဲ့အဆိုအရ အထက်က ကန့်သတ်ချက်ကို ချိုးဖောက်ခဲ့လို့ရှိရင် ပါတီကိုပါ ဖျက်သိမ်းရမှာဖြစ်တယ်လို့ဆိုပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ရဲ့အမှုကို အောက်ရုံးတော်က အပြစ်ဒဏ်ပေးထားပေမယ့် အထက်ရုံးတွေမှာ အယူခံပြင်ဆင်ချက် ဝင်နေတာတွေပါအကျုံးဝင်ပြီးတော့ အခြား အကျဉ်းကျနေတဲ့ခေါင်းဆောင်တွေကိုလည်းဘဲ အလားတူအကျိုးသက်ရောက်မှုတွေရှိအောင် ကန့်သတ်ထားတာဖြစ်တာကြောင့် အဲဒီ ကန့်သတ်ချက်တွေဟာ ၁၉၉၀ ခုနှစ်က ရွေးကောက်ပွဲအတွက် ထုတ်ပြန်ကြေညာချက်ထက်ပိုပြီး ကန့်သတ်ပိတ်ပင်တာတွေများတယ်လို့ ဦးတင်ဦးက ပြောပါတယ်။

အဲဒီအပြင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့်ဥပဒေအရ ထောင်ကျနေသူတွေကို ပါတီဝင်အဖြစ် သတ်မှတ်ခြင်းမပြုရန်ကိုလည်း ကန့်သတ်ထားတာကြောင့် မကြာခင်ကမှ အသစ်ပြင်ဆင်ဖွဲ့စည်းလိုက်တဲ့ ဗဟို ဦးစီးအဖွဲ့မှာ ပြစ်ဒဏ်ကျခံနေရသူတွေပါတာကြောင့် ပါတီဆက်လက် မှတ်ပုံတင်မယ်ဆိုရင် အဲဒီပုဂ္ဂိုလ်တွေကို ပါတီက ထုတ်ပယ်ရမလိုဖြစ်နေတယ်လို့လည်း အကဲခတ်သူတွေက ပြောဆိုနေကြပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ တရားဝင်ပါတီအဖြစ် ဆက်လက်ရပ်တည်မယ်ဆိုရင် ဒေါ်အောင်ဆန်းစုကြည်ကို ပါတီကထုတ်ပယ်ရမယ့်အခြေအနေ ဆိုက်ရောက်နေတာကြောင့် စစ်အစိုးရအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်အပေါ်ထားတဲ့ သဘောထားအစစ်အမှန်ကို ရှင်းရှင်းလင်းလင်း မြင်လိုက်ရတာ ဖြစ်တယ်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြောခွင့်ရပုဂ္ဂိုလ်ဦးဉာဏ်ဝင်းက ပြောပါတယ်။

+++

## ၂၀၁၀ ရွေးကောက်ပွဲအပေါ် သူတို့ရဲ့စကားများ

အခုဒီဥပဒေတွေဟာ NLD အတွက်ကြီးမားတဲ့စိန်ခေါ်မှုတွေအများကြီးပါနေပါတယ်။ ဒီလိုစိန်ခေါ်မှုတွေကိုကျမတို့အနေနဲ့စိတ်မပျက်ပါဘူး။ ဒီလိုကြီးမားတဲ့စိန်ခေါ်မှုတွေကိုရင်ဆိုင်ဖို့အင်အားတရပ်ကိုတောင်မှပြန်လည်မွေးမြူရာရောက်ပါတယ်။ ပြည်သူလူထုကလည်းအဲသလိုသဘောထားပြီး ဒီစိန်ခေါ်မှုတွေကိုရင်ဆိုင်ဖို့အထူးသဖြင့် အဖွဲ့ချုပ်ဒီမိုကရေစီလိုလားသူများနဲ့ တသားတည်း ရင်ဆိုင်ဖို့ လိုအပ်ပါတယ်။ + + + ဒေါ်အောင်ဆန်းစုကြည် + + +

ပါတီတရပ်ဟာ နိုင်ငံရေးရှိရမယ်။ နိုင်ငံရေးမရှိဘဲနဲ့ပါတီရှိနေလို့ အလကားပဲ။ ပါတီသာရှိပြီးတော့ နိုင်ငံရေးမရှိရင်လည်း ခေါင်းမရှိတဲ့လူလိုပဲဖြစ်မှာပဲ။ အဲဒါကြောင့် ပါတီကို သံခြေကျဉ်းခတ်တဲ့လုပ်ငန်းမျိုးကို ကျနော်လက်မခံနိုင်ပါဘူး။ + + + ဟံသာဝတီ ဦးဝင်းတင် + + +



မြန်မာနိုင်ငံလွတ်လပ်သည့် သတင်းအေဂျင်စီမှ ထုတ်ဝေသည်။

## အဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဦးတင်ဦးကို အမျိုးသား ပြန်လည်သင့်မြတ်ရေး သူရဲကောင်းဆုနဲ့ ဂုဏ်ပြု



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုဥက္ကဋ္ဌဦးတင်ဦး

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုဥက္ကဋ္ဌဦးတင်ဦးကို မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေး သူရဲကောင်းအဖြစ် နိုင်ငံရေးအသိုင်းအဝိုင်းက ဂုဏ်ပြုဆုချီးမြှင့်လိုက်ပါတယ်။

ဖေဖော်ဝါရီလ (၂၀) ရက်က ကျရောက်တဲ့ ၆၂ ကြိမ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားကို ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်က သခင်သိန်းဖေအိမ်မှာ ပြုလုပ်ခဲ့ပြီး အဲဒီအခမ်းအနားမှာဘဲ အခုလို ဂုဏ်ပြုဆုချီးမြှင့်လိုက်တာဖြစ်ပါတယ်။

အခမ်းအနားမှာ ၁၉၈၈ ခုနှစ်ကဖြစ်ပေါ်ခဲ့တဲ့ ဒီမိုကရေစီအရေးလှုပ်ရှားမှုကြီးကိုဦးဆောင်တဲ့ ကျောင်းသားခေါင်းဆောင်များကြောင့် အရေးတော်ပုံကြီးမှာ ပါလာရတာဖြစ်ပါတယ်လို့ ဦးတင်ဦးက နှိမ့်ချပြီး ပြောဆိုသွားပါတယ်။

ဦးတင်ဦးဟာ နေအိမ်အကျယ်ချုပ်က ပြန်လွတ်လာပြီးတဲ့ နောက်ပိုင်းမှာ အဖွဲ့ချုပ်ရဲ့တာဝန်များကို ဆက်လက်ထမ်းဆောင်ခဲ့ပါတယ်။ အဲဒီလိုပါတီလုပ်ငန်းတာဝန်တွေကို ဦးဆောင်ကဏ္ဍက ပါဝင်လုပ်ဆောင်နေတဲ့ အတွက်လည်း နေအိမ်အကျယ်ချုပ်ဆက်ပြီးကျခံနေရတဲ့ ဒေါ်အောင်ဆန်းစုကြည်က အားရကျေနပ်တဲ့ အကြောင်းနဲ့ ဦးတင်ဦးရဲ့နိုင်ငံရေးအရ ရပ်တည်ချက်နဲ့ပြုမူ ဆောင်ရွက်တာတွေ အားလုံးအတွက်လည်း ကျေးဇူးတင် ဝမ်းမြောက်တဲ့အကြောင်းကို ရှေ့နေကြီး ဦးဉာဏ်ဝင်းကတဆင့် ပြောဆိုလိုက်တဲ့ အကြောင်း သတင်းများမှာ ဖော်ပြထားပါတယ်။

+++

## ဝ ဒေသကအမှုထမ်းတွေ အမြန်ပြန်ထွက်ဖို့ စစ်အစိုးရညွှန်ကြား



ဝ ဒေသက အစိုးရဝန်ထမ်းတွေနဲ့ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေကို မတ်လ (၂၄) ရက် နောက်ဆုံးထားပြီး နေရပ်ရင်းတွေကို ပြန်ကြဖို့ နေပြည်တော်က အမိန့်ထုတ်လိုက်ပါတယ်။

တိုင်းရင်းသား အပစ်ရပ်အဖွဲ့တွေကို ရွေးကောက်ပွဲမတိုင်ခင် နယ်ခြားစောင့်တပ်အသွင်ပြောင်းဖို့ စစ်အစိုးရရဲ့ ကမ်းလှမ်းချက်ကို ငြင်းဆန်ခဲ့တဲ့ ဝ ပြည်သွေးစည်း ညီညွတ်ရေးတပ်ဖွဲ့ရဲ့ ဒေသတွင်းမှာရှိတဲ့ ဌာနဆိုင်ရာ ဝန်ထမ်းတွေကို အခုလို ညွှန်ကြားလိုက်တာ ဖြစ်ပါတယ်။

ဝ ပြည်သွေးစည်းညီညွတ်ရေးတပ်မတော်နဲ့အပစ်ရပ်ထားတဲ့ အနှစ် (၂၀) အတွင်းမှာ ဒါဟာပထမဆုံးအဖြစ် အခုလို ထူးထူးခြားခြား ညွှန်ကြားလိုက်တာလည်းဖြစ်ပါတယ်။ ဒေသခံတွေအနေနဲ့ စစ်ပွဲတွေဖြစ်လာမှာကို စိုးရိမ် နေကြတယ်လို့သိရပါတယ်။ ဒေသတွင်းမှာရှိတဲ့ ပညာရေးဝန်ထမ်းတွေကို လစာပြည့်ခွင့် ၃ လ ၊ ကျန်းမာရေးဌာနနဲ့ အခြားဝန်ထမ်းတွေကို လစာပြည့် ခွင့် (၁) လပေးပြီး မတ်လအတွင်း ဝ ဒေသက ထွက်သွားရမှာ ဖြစ်တယ်လို့ သတင်းတွေအရ သိရပါတယ်။

မကြာသေးခင်က ဝ တပ်ဖွဲ့တွေ တောင်းဆိုထားတဲ့ အချက် (၉) ချက်ကို အလျှော့အတင်းလုပ်ဖို့ တရုတ် အစိုးရက ကြားဝင်ပေးတာကို ဝ တပ်ဖွဲ့ဘက်က လက်မခံခဲ့ဘူးလို့ သတင်းတွေ ထွက်ပေါ်ခဲ့ပါတယ်။

ဒါ့ကြောင့် စစ်အစိုးရဘက်က စစ်ရေးပြင်ဆင်မှုတွေ လုပ်လာတာဟာ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့တွေအတွင်းမှာ တည်ငြိမ်မှု မရှိစေဖို့အတွက် စိတ်ဓာတ်စစ်ဆင်ရေး လုပ်နေတာဖြစ်တယ်လို့ တရုတ်–မြန်မာနယ်စပ်က စစ်ရေးလေ့လာနေတဲ့ ဦးအောင်ကျော်ဇော က ဗွီအိုအေကို သုံးသပ်ပြောဆိုပါတယ်။

အလားတူဘဲ နအဖဘက်က စစ်ရေးပြင်တာတွေလုပ်လာတာနဲ့ တပြိုင်နက် ဝ တပ်ဖွဲ့တွေ ဘက်ကလည်း ပြန်လှန်ပြင်ဆင်တာတွေ လုပ်နေတယ်လို့ ဝတပ်ဖွဲ့နဲ့နီးစပ်တဲ့ အသိုင်းဝိုင်းတွေမှာ သတင်းထွက်ပေါ်နေပါတယ်။

နယ်ခြားစောင့်တပ် အသွင်ပြောင်းဖို့ကို ဝ ခေါင်းဆောင် ပေါက်ယူချန်းနဲ့ စစ်အစိုးရကိုယ်စားလှယ် ဒုဗိုလ်ချုပ်ကြီးရဲမြင့်တို့ ဖေဖော်ဝါရီလအတွင်းက တန့်ယန်းမြို့မှာ နောက်ဆုံးဆွေးနွေးခဲ့ကြတာ အခုချိန်ထိ ပြေလည်မှုမရသေးပါဘူး။

## မျှတမှုမရှိတဲ့ဥပဒေအတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တရားစွဲ

စစ်အစိုးရထုတ်ပြန်လိုက်တဲ့ ရွေးကောက်ပွဲဆိုင်ရာဥပဒေတွေဟာ တရားမျှတမှုမရှိတဲ့အတွက် အဖွဲ့ချုပ် (NLD) ကတရားစွဲဆိုတာကို ဗဟိုတရားရုံးချုပ်က ပယ်ချခဲ့ပါတယ်။

ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး ချမှတ်လိုက်တဲ့ ဥပဒေပါအချက်တွေဟာ အထင်ကရ နိုင်ငံရေးပါတီများအနေနဲ့ နစ်နာတာတွေရှိတဲ့အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ရဲ့ဆုံးဖြတ်ချက်နဲ့ ပါတီဥက္ကဋ္ဌဦးအောင်ရွှေက လက်မှတ်ထိုးပြီး ဥပဒေထုတ်တဲ့အာဏာပိုင်တွေကို ရည်ညွှန်းပြီး တရားစွဲဆိုတာဖြစ်ပါတယ်။

“ရွေးကောက်ပွဲကော်မရှင် ဥပဒေတို့၊ မှတ်ပုံတင်တို့၊ မှတ်ပုံတင်ရေး ဥပဒေတို့စသည်ဖြင့်ပေါ့၊ ဒီဥပဒေတွေဟာ တရားမျှတမှုမရှိဘူး၊ အားလုံး အများအပေါ်မှာမူတည်ပြီး လုပ်တာမဟုတ်ဘဲနဲ့ တစု၊ တယောက်တည်းပုဂ္ဂိုလ်၊ တဖွဲ့သောအဖွဲ့အစည်း စသဖြင့် အဲဒီအပေါ်မှာမူတည်ပြီး အတားအဆီး၊ အကန့်အသတ်တွေရှိတာဖြစ်တဲ့အတွက် ဒါဟာ မမှန်ကန်ဘူး၊ မတရားဘူး စသဖြင့်ပေါ့။ အဲဒီအပေါ်မှာမူတည်ပြီး သပ်သပ်မွေးဥပဒေပေါ့ဗျာ၊ အဲဒီဟာနဲ့ မျှတမှုအပေါ်မှာ ကုစားဖို့အတွက် ကုစားခွင့်ရပါစေဆိုတဲ့ဟာနဲ့ ပို့တဲ့ဥပဒေကို ပြဋ္ဌာန်းပြီးတော့တရားရုံးတင်တာပါ” လို့ ဦးတင်ဦးကပြောပါတယ်။ ဆက်ပြီးတော့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အဲဒီလိုတရားစွဲတာကို ဗဟိုတရားရုံးချုပ်က ပယ်ချလိုက်ပေမယ့် အကြောင်းပြချက်ကိုတော့ မသိရတဲ့အကြောင်းနဲ့ အကြောင်းပြချက်သိရဖို့အတွက် ကြိုးစားသွားမယ်လို့ ကိုယ်တိုင်သွားရောက်တရားစွဲဆိုရာမှာပါတဲ့ အဖွဲ့ချုပ်ရဲ့ ဒုဥက္ကဋ္ဌဦးတင်ဦးက ဗွီအိုအေကိုပြောပါတယ်။

တဆက်တည်းမှာဘဲ အခုလို တရားစွဲဆိုရတဲ့အကြောင်းက ရွေးကောက်ပွဲ ဥပဒေတွေက မျှတမှုမရှိတာကြောင့်

စာမျက်နှာ (၉) ကော်လံ (၁) သို့ ...

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုဥက္ကဋ္ဌနဲ့ကာကွယ်ရေး ဦးစီးချုပ်ဟောင်း သူရဦးတင်ဦးက ပြည်သူကို အလုပ် အကျွေးပြုတဲ့တပ်မတော်ဖြစ်ဖို့ တိုက်တွန်း

ဗိုလ်ချုပ်အောင်ဆန်း ဦးစီးတည်ထောင်ခဲ့တဲ့ တပ်မတော်ကို ပြည်သူ့တပ်မတော်အဖြစ် ပြည်သူလူထုရဲ့ ယုံကြည်ကိုးစားမှု ပြန်လည်ရရှိအောင် ပြောင်းလဲဖို့ နေအိမ်အကျယ်ချုပ်က လွတ်မြောက်လာတဲ့ အဖွဲ့ချုပ်ခေါင်းဆောင် ဦးတင်ဦးက မြန်မာ့စစ်တပ်ကို တိုက်တွန်း ပြောဆိုလိုက်ပါတယ်။

အခုအချိန်မှာ အဘက်ဘက်က ယိုယွင်းပျက်စီးနေတဲ့မြန်မာနိုင်ငံကို ပြန်လည်ထူထောင်ဖို့လုပ်တဲ့နေရာမှာ အပြန်အလှန်ယုံကြည်မှုတည်ဆောက်ကြပြီး တူညီမှုတွေရအောင် ကြိုးစားကြဖို့ လိုတယ်လို့ ပြောဆိုလိုက်ပါတယ်။

ဦးတင်ဦးဟာ တပ်မတော်တွင်းမှာ အရာရှိငယ်အဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ရာက ကာကွယ်ရေး ဦးစီးချုပ်အထိတာဝန်ယူခဲ့ရာမှာ တပ်မတော်သားတွေရဲ့ လေးစားချစ်ခင်တာကိုအထူး ရရှိတဲ့သူဖြစ်ပြီး သူကိုယ်တိုင်ကလည်း တပ်မတော်ဟာ သူ့ရဲ့ အသည်းနှလုံးထဲမှာ ထာဝရရှိနေပါတယ်လို့ ပြောပါတယ်။

လက်ရှိတပ်မတော်ဟာ အရင်က အစဉ်အလာကောင်းတွေအတိုင်း ပြည်သူသာအမိ၊ ပြည်သူသာအဖ၊ ပြည်သူကိုသာ အလုပ်အကျွေးပြုတဲ့ တပ်မတော်ဖြစ်စေဖို့နဲ့ နိုင်ငံကို ဦးဆောင်ခေါင်းရွက်သွားနေတာဟာ ပြည်သူသာဖြစ်တဲ့အတွက် ပြည်သူလူထုရဲ့ ဦးဆောင်မှုအောက်မှာ တပ်မတော်ဟာ စံပြကောင်းအဖြစ်နဲ့ နိုင်ငံတော်ရဲ့ လုံခြုံရေး၊ ကာကွယ်ရေး စတဲ့ လုပ်ငန်းတာဝန်တွေကို ကျေကျေပွန်ပွန်၊ မှန်မှန်ကန်ကန်ကျင့်သုံးကြပါလို့ တိုက်တွန်းပြောဆိုလိုက်ပါတယ်။

လက်ရှိမြန်မာနိုင်ငံရဲ့ အဖက်ဖက်က ချွတ်ခြုံကျနေတဲ့ အခြေအနေကို ငဲ့ညှာပြီး ဆွေးနွေးညှိနှိုင်းမှုတွေကို ယုံယုံကြည်ကြည်လုပ်ဖို့နဲ့ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ကလည်း ဒီလို ညှိနှိုင်းဖို့ကို တစိုက်မတ်မတ်ကိုင်စွဲထားတာဖြစ်တယ်လို့ ပြောဆိုခဲ့ပါတယ်။

ဆက်လက်ပြီးတော့ နိုင်ငံတကာရဲ့ကူညီပံ့ပိုးတာတွေကို ထောက်ခံကြိုဆိုတဲ့အကြောင်းနဲ့ နိုင်ငံပြုပြင်ပြောင်းလဲဖို့အရေးကတော့ ပြည်သူလူထုအားနဲ့ လုပ်ဆောင်မှသာ ရမှာဖြစ်တာကြောင့် တိုင်းရင်းသားပြည်သူများနဲ့ အတူတကွပူးပေါင်းရမှာဖြစ်တယ်လို့ မြန်မာ့တပ်မတော်သားများကို ဗိုလ်ချုပ်ကြီးဟောင်း သူရဦးတင်ဦးက ဗွီအိုအေက တဆင့် တိုက်တွန်းပြောဆိုလိုက်ပါတယ်။


နေပြည်တော်၌ကျင်းပသည့်တော်လှန်ရေးနေ့အခမ်းအနားတွင်တွေ့ရသည့်စစ်ရေးပြမြင်ကွင်းတခု

စာမျက်နှာ (၈) မှူတမူမရှိတဲ့ဥပဒေမှ အဆက်...

အားလုံးညီညီညွတ်ညွတ်နဲ့ ရင်ဆိုင်ကြဖို့ အထိမ်းသိမ်းခံလူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က တိုက်တွန်းထားတာကြောင့်ဖြစ်တယ်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းတင်ကလည်း ပြောပါတယ်။

+++

# မြန်မာ့တပ်မတော်ကို ဂုဏ်သိက္ခာရှိရှိရပ်တည်စေချင် တော်လှန်ရေးနေ့ ဒေါ်စုသဘောထားဖတ်ကြား



၆၅ နှစ်မြောက် ဖက်ဆစ်တော်လှန်ရေးနေ့အခမ်းအနား အဖွဲ့ချုပ်ရုံးတွင် ကျင်းပစဉ်

၆၅ နှစ်မြောက် ဖက်ဆစ်တော်လှန်ရေးနေ့အခမ်းအနားကို ရန်ကုန်မြို့၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးမှာ မတ်လ (၂၇) ရက်က ကျင်းပခဲ့ပါတယ်။

အခမ်းအနားမှာ သဘာပတိ ဖြစ်တဲ့ အဖွဲ့ချုပ်ဒုဥက္ကဋ္ဌဦးတင်ဦးရဲ့မိန့်ခွန်းကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးခင်မောင်ဆွေကဖတ်ကြားပြီး ဒေါ်အောင်ဆန်းစုကြည်ရဲ့သဘောထားတွေကိုတော့ အဖွဲ့ချုပ်ပြန်ကြားရေး အဖွဲ့ဝင် ဦးအုန်းကြိုင်က အခုလို ဖတ်ကြားပါတယ်။

"အခုအချိန်မှာ တချို့လူတွေက ကျမတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ တပ်မတော်ကြားမှာ စိတ်ဝမ်းကွဲအောင် အမျိုးမျိုးပြောနေကြပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က မြန်မာနိုင်ငံရဲ့အကျိုးစီးပွားကို မလိုလားသယောင်ယောင်၊ တပ်မတော်ရဲ့ အကျိုးစီးပွားကို မလိုလားသယောင်ယောင် ပြောဆိုနေကြတယ်။"

"ဒါပေမယ့် ကျမတို့က အစဉ်တစိုက် မြန်မာနိုင်ငံနဲ့မြန်မာ့တပ်မတော်ကို ဂုဏ်သိက္ခာရှိရှိနဲ့ ရပ်တည်စေချင်တဲ့ သဘောဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျမတို့နိုင်ငံဟာ ပြည်သူလူထုနဲ့ တပ်မတော်သားအားလုံး စည်းလုံးညီညွတ်စွာနဲ့ ဒီမိုကရေစီပြည်ထောင်စုကြီး ထူထောင်ဖို့ ကြိုးပမ်းကြမယ်လို့၊ ကြိုးပမ်းကြပါလို့ ကျမအနေနဲ့ မေတ္တာ ရပ်ခံပါတယ်။"

ဆက်ပြီးတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ကြေညာချက်ကိုလည်း ဦးအုန်းကြိုင်ကဘဲ ဖတ်ပါတယ်။

အခုလို ဒေါ်အောင်ဆန်းစုကြည်ဟာ နေအိမ်မှာအထိမ်းသိမ်းခံနေရတာဖြစ်သင့်တဲ့ကိစ္စမဟုတ်တဲ့အတွက် ခြွင်းချက်မရှိ အမြန်ပြန်လွှတ်ပေးပြီးတော့ တိုင်းရင်းသားလူမျိုးစုတွေမပါဘဲနဲ့ စစ်မှန်တဲ့ ဒီမိုကရေစီ ပြည်ထောင်စု မြန်မာနိုင်ငံတည်ဆောက်နိုင်မှာ မဟုတ်တဲ့ အတွက် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခွန်ထွန်းဦး၊ အတွင်းရေးမှူးဦးစိုင်းညွန့်လွင်တို့အပြင် အခြား တိုင်းရင်းသားခေါင်းဆောင်တွေကိုလည်း ပြစ်ဒဏ်ချထားတာကနေ ခြွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးဖို့၊ နိုင်ငံရေးယုံကြည်ချက်နဲ့ ပြစ်ဒဏ်ချခံထားရတဲ့ ဆရာတော်၊ သံဃာတော်တွေ၊ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တွေနဲ့ နိုင်ငံရေးအကျဉ်းသား အားလုံးအမြန်ပြန်လွှတ်ပေးဖို့ကို ကြေညာချက်မှာ ထည့်သွင်းတောင်းဆိုထားပါတယ်။

တဆက်တည်းမှာဘဲ တရားဝင်ရပ်တည်ဆဲ နိုင်ငံရေးပါတီတွေကို ဆက်လက်အသိအမှတ်ပြုဖို့တို့ကို နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီက ပြည်သူလူထုဆန္ဒနဲ့ အညီ စိတ်စေတနာထက်သန်စွာနဲ့ အမြန်ဆုံးဆောင်ရွက်ပေးဖို့ အဖွဲ့ချုပ်ရဲ့ ကြေညာချက်မှာ တိုက်တွန်းတောင်းဆိုထားပါတယ်။

ဖက်ဆစ်တော်လှန်ရေးနေ့ အခမ်းအနားကို အဖွဲ့ချုပ် ဗဟိုကော်မတီဝင်များ၊ ပြည်နယ်နဲ့တိုင်းအဖွဲ့ဝင်များ၊ လူငယ်အဖွဲ့ဝင်များနဲ့အတူ ဗြိတိန်၊ ဩစတေးလျ၊ အမေရိကန်စတဲ့ နိုင်ငံတွေက သံတမန်တွေအပါအဝင် ပရိသတ် ၅၀၀ ကျော်တက်ရောက်ခဲ့ကြတယ်လို့ သတင်းတွေအရ သိရပါတယ်။

+++

စာမျက်နှာ (၁၀) ကော်လံ (၁) သို့

ဆန်းစုကြည်က သူမပါတီ ရွေးကောက်ပွဲအတွက် မှတ်ပုံတင်ဖို့ “စဉ်းတောင် မစဉ်းစားဘူး”လို့ ပြောခဲ့ပါတယ်။ ဒါပေမဲ့လည်း ဒီမိုကရေစီကို သက်ဝင်ယုံကြည်တဲ့ ခေါင်းဆောင်တယောက်ပီပီ ပါတီကဘဲ ကိုယ့်ဖာသာကိုယ် ဆွေးနွေးဆုံးဖြတ်ဖို့ကို အလေးပေးခဲ့ပါတယ်။ တနင်္လာနေ့မှာတော့ ကျနော့်ရဲဘော်အားလုံးက ဒီမတရားမှုတွေကို အတူတကွရင်ဆိုင်ဖို့ သဘောတူခဲ့ကြပါတယ်။

တချို့ကတော့ ကျနော်တို့ပါတီ ဆက်လက်ပြီး တရားဝင် အနေအထားရှိဖို့ ပိုအရေးကြီးတယ်လို့ ယူဆကြပါတယ်။ သူတို့စဉ်းစားချက်အရ ကျနော်တို့ပါတီ တရားမဝင်ဖြစ်သွားရင် မြန်မာနိုင်ငံ ပြည်သူတွေ အတွက် ဘယ်လိုအလုပ် လုပ်နိုင်တော့မှာလဲတဲ့။ ကုလသမဂ္ဂနဲ့ တချို့နိုင်ငံတွေကလည်း စစ်အစိုးရကို ဒီမတရားဥပဒေတွေ ပြောင်းလဲပေးဖို့ ပန်ကြားခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားအားလုံးကို ရွေးကောက်ပွဲမှာ ပါဝင်ခွင့်ပေးဖို့ တောင်းဆိုခဲ့ကြပါတယ်။

အတွင်းရေးမှူးချုပ် ဘန်ကီမွန်းဟာ ဗမာပြည်အခြေအနေ ဆွေးနွေးနိုင်အောင် သူ့ရဲ့ “မြန်မာ့မိတ်ဆွေများအုပ်စု” အစည်းအဝေးတခု ခေါ်ယူကျင်းပခဲ့ပါတယ်။ အမေရိကန်အစိုးရဟာ ကျနော်တို့ တိုင်းပြည်ထဲက စစ်ရာဇဝတ်မှုတွေနဲ့ လူသားမျိုးနွယ်ဆန့်ကျင်ရေး ရာဇဝတ်မှုတွေကို စုံစမ်းစစ်ဆေးဖို့ ‘စုံစမ်းရေး ကော်မရှင်’ တရပ်ကို ကုလသမဂ္ဂကနေ ထူထောင်ဖို့ အကြံပြုချက်အပါအဝင် ကုလအထူးစုံစမ်းရေးသမား တောမတ်စ်အိုဟေးယား ကွင်တားနား မကြာခင်က ထုတ်ပြန်ခဲ့တဲ့ အစီရင်ခံစာနဲ့ အကြံပြု တိုက်တွန်းချက်တွေကို ‘အလေးအနက်စဉ်းစား’ နေတယ်လို့လည်း ကျနော်တို့ ကြားရပါတယ်။ ဒီလို နောက်ကွယ်က နိုင်ငံတကာအသံတွေရဲ့ ထောက်ခံ အားပေးမှုနဲ့တင် မလုံလောက်နိုင်ပါ။ နိုင်ငံတကာ့အသံတွေ ကြေညာချက်တွေကို ဗမာပြည် နိုင်ငံရေး အကျပ်အတည်း ပြောင်းလဲပစ်ဖို့ ထိရောက်တဲ့ လုပ်ဆောင်ချက်တွေနဲ့ အားမဖြည့်တဲ့အတွက် ကျနော့်ရဲဘော်တွေ တရားမျှတရေးနဲ့ ဒီမိုကရေစီအတွက် အသက်ပေးလှူသွားခဲ့ကြသူတွေရဲ့ မပြီးဆုံးသေးတဲ့လုပ်ငန်းကို ဆက်လက်ဆောင်ရွက်ဖို့ဆိုတဲ့ မြင့်မြတ်တဲ့ ရည်ရွယ်ချက်နဲ့ ၁၉၈၈ ခု ဒီမိုကရေစီရေး လူထုအုံကြွမှုကနေ ပေါက်ဖွားလာတာ ဖြစ်ပါတယ်။

ကျနော်တို့ဟာ ၁၉၉၀ ရွေးကောက်ပွဲမှာ တခဲနက်အနိုင်ရခဲ့ပြီး နှစ် နှစ်ဆယ်ကျော်တိုင်အောင် မြန်မာ့ဒီမိုကရေစီလှုပ်ရှားမှုကြီးရဲ့ ခေါင်းဆောင်ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ ဒီမတရားတဲ့ ရွေးကောက်ပွဲ ‘ဥပဒေတွေ’ ကို ဒူးထောက်ဖို့ ငြင်းဆန်တဲ့အတွက် မကြာခင်မှာ စစ်အစိုးရကနေ ဖျက်သိမ်းတာကို ခံရတော့မှာ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း အဲန်အယ်လ်ဒီဟာ ပျောက်ကွယ်သွားမှာ မဟုတ်ပါ။ ကျနော်တို့ဟာ ပြည်သူတွေ အကြားမှာ ပြည်သူတွေနဲ့အတူရှိနေမှာ ဖြစ်ပါတယ်။ ကျနော်တို့ဟာ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးနဲ့ တိုင်းရင်းသားလူမျိုးစုများ တန်းတူရေး အတွက် ငြိမ်းချမ်းတဲ့နည်းလမ်းတွေနဲ့ ဆက်လက်တိုက်ပွဲဝင်သွားမှာ ဖြစ်ပါတယ်။

နိုင်ငံတကာ့အသိုင်းအဝိုင်းအနေနဲ့ ကျနော်တို့နဲ့အတူရပ်တည်ဖို့ ကျနော်မျှော်လင့်ပါတယ်။ နိုင်ငံတကာက အစိုးရတွေဟာ စစ်အစိုးရရဲ့ ရွေးကောက်ပွဲနဲ့ကြိုတင်စီစဉ်ထားတဲ့ ရလဒ်ကို လက်မခံကြောင်း ကြေညာဖို့လိုပြီး စစ်အစိုးရအနေနဲ့ ဗမာပြည်အတွက် သိသာထင်ရှားပြီး တိုးတက်တဲ့အပြောင်းအလဲ လုပ်ဖို့ ဖိအားပေးသင့်ပါတယ်။ အပြောင်းအလဲဆိုရာမှာ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံး ချက်ခြင်းလွှတ်ပေးတာနဲ့ တိုင်းရင်းသားလူနည်းစုတွေအပေါ် စစ်ဆင်ရေးတွေ ရပ်စဲတာက အစချီရမှာ ဖြစ်ပါတယ်။ ဒီနောက် စစ်အစိုးရဟာ ဒေါ်အောင်ဆန်းစုကြည်ခေါင်းဆောင်တဲ့ မြန်မာ့ ဒီမိုကရေစီအင်အားစုတွေနဲ့ တိုင်းရင်းသားကိုယ်စားလှယ်တွေနဲ့ စေ့စပ်ဆွေးနွေးပြီး အမျိုးသားပြန်လည် သင့်မြတ်ရေးနဲ့ စစ်မှန်တဲ့ ဒီမိုကရေစီ ပေါ်ထွန်းရေးအတွက် ငြိမ်းချမ်းစွာ အဖြေရှာရမှာ ဖြစ်ပါတယ်။

ဦးဝင်းတင်

***ဦးဝင်းတင်ဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်လည်းဖြစ်၊ စတင်တည်ထောင်သူလည်းဖြစ်ပြီး ၁၉၈၉ ခုကနေ၂၀၀၈ ခု အထိ နိုင်ငံရေးအကျဉ်းသားဖြစ်ခဲ့ပါတယ်။***

**မတ်လ ၃၀ ရက် ၂၀၁၀ ထုတ် ဝါရှင်တန်ပို့စ် သတင်းစာမှ** Decision Time in Burma for Democracy's Advocates **ဆောင်းပါးကို ဘာသာပြန်ဖော်ပြပါသည်။**

+++

# အမေရိကန်ဝါရင့်လွှတ်တော်အမတ်များက စစ်အစိုးရကို အရေးယူဖို့ သမတထံစာတင်

မြန်မာနိုင်ငံကိုပိုမိုတင်းကျပ်တဲ့ ဖိအားတွေပေးဖို့ အမေရိကန် အထက်လွှတ်တော်အမတ် ၉ ဦး က သမတအိုဘားမား (Obama) ဆီကို စာရေးတောင်းဆိုလိုက်ပါတယ်။

အဲဒီစာပါအချက်တွေက စစ်အစိုးရရဲ့ရွေးကောက်ပွဲမှာ ပါဝင်သင့်တဲ့နိုင်ငံရေးခေါင်းဆောင်တွေကို မပါနိုင်အောင်တားမြစ်ထားကြောင်း၊ ရွေးကောက်ပွဲဥပဒေများကလည်း ဒီမိုကရေစီဖော်ဆောင်ရေးအတွက် အတုအယောင်ဥပဒေများဖြစ်တာကြောင့်ပြင်းပြင်းထန်ထန် အရေးယူသင့်ကြောင်းနဲ့ မြန်မာစစ်ခေါင်းဆောင်တွေ လမ်းကြောင်းပြောင်းလာအောင် ဖိအားပေးတဲ့နေရာမှာ ကျနော်တို့မှာရှိတဲ့အင်အားတွေကို အသုံးပြုရမယ်လို့ ယုံကြည်တဲ့ အကြောင်းတွေကို ရေးသားထားပါတယ်။

အမေရိကန်သမတဆီကို အထက်လွှတ်တော်အမတ်ဖြစ်တဲ့ မစ်ချ်မက်ကောနယ်လ် (Mitch McConnell)၊ ဂျွန်မက်ကိန်း (John McCain) တို့နဲ့အတူ ဒီမိုကရက်တစ် အမတ် ဘောက်ဆာ (Boxer) တို့က မြန်မာစစ်အစိုးရရဲ့ ရွေးကောက်ပွဲ ဥပဒေပါ ကန့်သတ်ချက်တွေက ဒီမိုကရေစီရဲ့အနှစ်သာရတွေကို မထေမဲ့မြင်ပြုရာရောက်နေပြီး အမေရိကန် အစိုးရအနေနဲ့ စစ်အစိုးရအပေါ် ဖိအား အသစ်တွေပေးဖို့ လိုအပ်နေပြီဆိုတာ ပေါ်လွင်နေတဲ့အတွက် အခုလို ရေးသားတောင်းဆိုကြတာပါ။

အမေရိကန်လွှတ်တော်အမတ်တွေက အခုလိုတောင်းဆိုတာဟာ အရင်သမတ ဂျော့ချ်ဘုရှ်လက်ထက် ၂၀၀၈ခုနှစ်က မြန်မာနိုင်ငံကို ပြဋ္ဌာန်းခဲ့တဲ့ ကျောက်စိမ်းဥပဒေ (Jade Act) အရ မြန်မာနိုင်ငံဆိုင်ရာ (Special Cccrdinator) နဲ့ Policy Coordinator တို့ကိုခန့်ထားဖို့ ပါရှိပြီးဖြစ်ပေမယ့် လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမရှိသေးပါဘူး။ သမတ အိုဘားမာလက်ထက်မှာ မြန်မာနိုင်ငံကို အပြုသဘောဆောင်တဲ့ ဆက်ဆံရေးအရ စစ်အစိုးရဘက်က တိုးတက်မှုတွေကို စောင့်ကြည့်နေရင်း ကျောက်စိမ်းဥပဒေကို ဆက်မလုပ်ဘဲ ရပ်ထားခဲ့တာလဲဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ လက်ရှိအခြေအနေနဲ့ စစ်အစိုးရရဲ့အပြုသဘောဆောင်တဲ့ပြုပြင်ပြောင်းလဲရေးတွေ လုပ်ဆောင်လာတာ မတွေ့ရတဲ့အတွက် ကျောက်စိမ်းဥပဒေကို ကျင့်သုံးဖို့ အချိန်ကျရောက်ပြီဖြစ်တာကြောင့် လွှတ်တော်အမတ်တွေက သမတအိုဘားမားကိုအခုလို တောင်းဆိုတာဖြစ်ပါတယ်။

# လူထုစိန်ဝင်း၏ အမြင် – အဲန်အယ်လ်ဒီနှင့် ၂၀၁၀ ရွေးကောက်ပွဲ

ရွေးကောက်ပွဲဥပဒေကို ကြေညာတဲ့နေ့ကစပြီးတော့ တယောက်ပြီးတယောက် လူငယ်တွေရော၊ လူကြီးတွေရော လာလာပြီးတော့ မေးကြတယ်။ မေးကြတဲ့အကြောင်းကတော့ အဲန်အယ်လ်ဒီဟာ ရွေးကောက်ပွဲဝင်မယ်ထင်သလား။ ပါတီမှတ်ပုံမတင်ပဲ ရွေးကောက်ပွဲလဲမဝင်ဘူးဆိုပြီးတော့ ရွှေဂုံတိုင်ကြေငြာစာတမ်းကိုပဲ ဆုပ်ကိုင်ပြီး ရပ်တည်သွားမလားဆိုတဲ့မေးခွန်းကို တယောက်ပြီးတယောက် လာမေးကြတယ်။ မေးကြတဲ့သူတိုင်းကိုလည်း တစ်ခုတည်းသောအဖြေကိုပဲ ကျွန်တော်ပေးခဲ့တယ်။

အဲဒါဘာလဲဆိုတော့ အဲန်အယ်လ်ဒီဟာ ပါတီဟာ မှတ်ပုံလည်းတင်မှာပဲ ရွေးကောက်ပွဲလဲဝင်မှာပဲဆိုတဲ့ အဖြေပဲ။

ဘာကြောင့်ဒီလို တပ်အပ် ဖြေလိုက်တာလဲဆိုတော့ နှစ် ၂၀ ကာလအတွင်း အဲန်အယ်လ်ဒီဌာနချုပ် ခေါင်းဆောင်တွေရဲ့ ရပ်တည်ချက်ဟာ ထင်ရှားနေတယ်။ သူတို့ရပ်တည်ချက်က ဘာလဲဆိုရင် အစိုးရမကြိုက်တာ မှန်သမျှ ဘာမှမလုပ်ဘူး၊ အစိုးရခိုင်းတာပဲလုပ်မယ်။ ဒါသူတို့ရဲ့ အနှစ် ၂၀လုံး ရပ်တည်ချက်ပဲ။ အဲဒီအနှစ် ၂၀ အတွင်းမှာ တိုင်းပြည်အတွက် အရေးကြီးတဲ့ကိစ္စတွေ ပေါ်ပေါက်လာတဲ့အခါတိုင်းမှာလည်း အဲန်အယ်လ်ဒီဟာ မသိကျိုးကျွံပြုနေခဲ့တာပဲ။

ပြောမယ်ဆိုရင် အဲန်အယ်လ်ဒီဟာ ပဲခူးက လမ်းပြကြယ် ဦးအေးမြင့်ဆိုတဲ့ လူတယောက်လောက်တောင်မှ တိုင်းပြည်အကျိုးကို ဆောင်ရွက်တာမျိုးကို မတွေ့ရဘူး။ ဦးအေးမြင့်ဆောင်ရွက်လို့သာ ကလေးစစ်သားတွေ မိဘရင်ခွင်ထဲကို ပြန်ရောက်လာတာမျိုးတွေ့ရတယ်။ တခါ လယ်ယာအသိမ်းခံရရုံတင်မက အဖမ်းခံရပြီး ထောင်ထဲရောက်သွားတဲ့ လယ်သမားတွေလည်းပဲ ဦးအေးမြင့်ဆောင်ရွက်ပေးလို့ပဲ ထောင်ကပြန်လွတ်လာကြတယ်။ ဒီကိစ္စမျိုးတွေမှာလည်း အဲန်အယ်လ်ဒီက သူတို့နဲ့ဘာမှ မဆိုင်သလိုပဲနေတယ်။ သူတို့ရဲ့ တခွန်းထည်းသော အပြောကတော့ ပါတီရေရှည်တည်တံ့ရေးအတွက် သူတို့ဟာ ဒီလိုလုပ်ရတာလို့ ပြောတယ်။



**“ဒါမလုပ်ရင် ဘာလုပ်မလဲဆိုတာက တိုင်းသူပြည်သားတွေရဲ့ တာဝန်မဟုတ်ဘူး။ နိုင်ငံရေးသမားတွေ၊ နိုင်ငံကိုဦးဆောင်တယ်ဆိုသူတွေရဲ့ သူတို့ရဲ့တာဝန်ဖြစ်တယ်။ ဒီတာဝန်ကို သူတို့ဟာ ကျေပြွန်အောင် ထမ်းဆောင်ဖို့အတွက် သူတို့ဟာ ဒီနည်းလမ်းတွေကို ရှာရမှာပဲ။”**

ပြည်သူပြည်သားအတွက် အရေးကြီးတဲ့အချိန်မှာ ပြည်သူလူထုအတွက် ဘာမှမလုပ်ဘဲနဲ့ ရပ်တည်နေရင် အဲဒီပါတီဟာ ဘာတန်ဖိုးရှိမှာလဲ။ ပါတီတစ်ခုရဲ့ တန်ဖိုးဆိုတာ ပြည်သူလူထုအကျိုးကို ဘယ်လောက် သယ်ပိုးရွက်ဆောင်သလဲဆိုတဲ့အချက်နဲ့ တိုင်းတာရတယ်။ ဒီနေ့ အဲန်အယ်လ်ဒီဌာနချုပ်ရဲ့ လုပ်ရပ်တွေကို ကြည့်လို့ရှိရင် တစည တို့ ကြံ့ဖွံ့တို့နဲ့ ဘာမှ မထူးတော့ဘူး။ အစိုးရခိုင်းတာပဲလုပ်မယ်။ အစိုးရ မကြိုက်တာမလုပ်ဘူး။ ဒါဆိုရင်တော့ တစညနဲ့လဲတူတူပဲ၊ ကြံ့ဖွံ့နဲ့လည်း အတူတူပဲ။

တခါတုန်းက ဆရာပြောခဲ့ဘူးတယ်။ အဲန်အယ်လ်ဒီပါတီဟာ အသက် ၈၀ ကျော်တွေ ၉၀ ကျော်တွေဖြစ်ကုန်ကြပြီ။ မျက်စေ့မမြင်တဲ့သူလည်း မမြင်တော့ဘူး။ နားမကြားတဲ့သူလည်း မကြားတော့ဘူး။ အစည်းအဝေးလုပ်ရင်းနဲ့ ထိုင်ရင်းနဲ့ ငုတ်တုတ်ကြီး မေ့နေတဲ့သူလည်း မေ့နေကြပြီ။ အသက်အရွယ်တွေ အိုမင်းနေကြပြီ။ လူငယ်တွေနဲ့ အစားထိုးသင့်တယ်လို့ ပြောခဲ့တယ်။ အဲဒီတုန်းက စကားလုံးတလုံး သုံးလိုက်တယ်။ အဲန်အယ်လ်ဒီပါတီဟာ နိုင်ငံရေးဌာနချုပ်နဲ့ မတူဘူး။ နိုင်ငံရေးဌာနချုပ်ဆိုတာက အမြဲတမ်းအကြောင်းအရာတွေ၊ ပြဿနာတွေ ဆွေးနွေးနေကြ၊ ငြင်းခုံနေကြနဲ့ အမြဲတန်းဆူညံနေကြတယ်။ ဘယ်နိုင်ငံရေးပါတီမှာမဆို။ အဲန်အယ်လ်ဒီပါတီမှာတော့ အကုန်လုံးဟာ တိတ်ဆိတ်နေတာပဲ။ ဒါကြောင့်မို့လို့ ဆွံ့အနားမကြားကျောင်းနဲ့တူတယ်လို့ အဲဒီတုန်းက ပြောခဲ့တယ်။ ပြောတော့ သူတို့တော်တော်လေးကိုပဲ တီကိုဆားနဲ့ တို့လိုက်သလိုဖြစ်ပြီး မခံချိမခံသာတွေဖြစ်ကုန်ပြီးတော့ မိုက်မိုက်ရိုင်းရိုင်း တုံ့ပြန်တာတွေလည်း ကြားရတယ်။

အဲဒီလိုပြောပြီးတော့ ဒုတိယ တခေါက် ထပ်ပြီးတော့ ပြောဖို့ရှိသေးတယ်။ အဲဒီ ပြောမယ့်ဟာကတော့ ဘာလဲဆိုရင် ဌာနချုပ်ကို အမြောက်နဲ့ပစ်ကြ၊ အဲဒါကို ဒုတိယအကြိမ်ပြောဖို့ရည်ရွယ်ထားတာ။ အဲဒီအခြေအနေမှာ အဲန်အယ်လ်ဒီပါတီအပေါ်မှာ တဘက်က ပရက်ရှာ (ဖိအား) တွေကလည်း သိပ်များလာတယ်။ အဲဒီအတွက် ခဏလေးတော့ စောင့်နေလိုက်ဦးမယ်ဆိုပြီး စောင့်နေလိုက်တာ။

စောင့်နေလိုက်တဲ့အတွက် အဲဒီဌာနချုပ်ကို အမြောက်နဲ့ထုကြဆိုတဲ့ စကားကို မပြောလိုက်ရဘူး။ အဲဒီတုန်းက ပြောလိုက်ရရင် တော်တော်ကောင်းသွားမှာပဲလို့ အခုနောင်တရမိတယ်။ ဘာကြောင့် ဌာနချုပ်ကို အမြောက်နဲ့ထုခိုင်းတာလဲဆိုတော့ အဲန်အယ်လ်ဒီဌာနချုပ်ဟာ ဒီ အနှစ် ၂၀ အတွင်းမှာ ဘာတခုမှ တိုင်းပြည်အတွက် ပြည်သူလူထုအတွက် လုပ်တယ်ဆိုတာ မရှိခဲ့ဘူး။ ပါတီဌာနချုပ်ဟာလည်း ဒီမိုကရေစီပါတီတခုနဲ့ မတူဘူး။ မဆလပါတီနဲ့ ဘာမှမထူးတော့ဘူး။ တယောက်ထဲကနေပြီးတော့ အကုန်လုံးကို စီမံခန့်ခွဲပြီးတော့ အမိန့်ပေးနေတာ။ အဲဒီအမိန့်ပေးနေတာကို ပြန်ပြီးတော့ ပြောတာဆိုတာ ငြင်းတာခုံတာလည်း ဘာမှ မရှိဘူး။ အဲဒီတော့ အဲန်အယ်လ်ဒီ ဌာနချုပ်ဟာ တတိုင်းပြည်လုံးမှာရှိတဲ့ အဲန်အယ်လ်ဒီအောက်ခြေ ပါတီဝင်တွေနဲ့ လုံးဝကင်းကွာပြီးတော့ တခြားစီဖြစ်နေပြီ။

အဲဒီတော့ သာမန်အားဖြင့် အပြင်မှာ နောက်ရင်းပြောင်ရင်း လူငယ်တွေကို ပြောလေ့ရှိတယ်။ အဲန်အယ်လ်ဒီ လက်ရှိ ရှိနေတဲ့ ၈၀ ကျော် ၉၀ကျော် စီအီးစီတွေအစား တက်တက်ကြွကြွနဲ့ ရဲရဲတောက် လုပ်ကိုင်နေကြတဲ့ အမျိုးသမီးတွေနဲ့ အစားထိုးလိုက်ရင်တောင်မှ အဲန်အယ်လ်ဒီဟာ ဒီထက် အဆ တစ်ရာလောက်ကို ပိုပြီးတော့ ကောင်းသွားမယ်လို့ ပြောခဲ့တယ်။ အဲန်အယ်လ်ဒီပါတီမှာ အင်မတန်တော်ပြီးတော့ အင်မတန်သတ္တိရှိကြတဲ့ အင်မတန်လည်းပဲ အဲန်အယ်လ်ဒီပါတီဝင်ပီသကြတဲ့ အမျိုးသမီးတွေ တပြည်လုံးမှာ အများကြီး တွေ့ရတယ်။

လူတွေကို မသိပေမယ့်လို့ နာမည်တွေကို ကြားဘူးပြီးတော့ ခေါင်းထဲမှာ စွဲနေတဲ့ နာမည်တွေ။ မန္တလေးက ဒေါ်ဝင်းမြမြတို့၊ မိတ္ထီလာက ဒေါ်မြင့်မြင့်အေးတို့၊ ရန်ကုန်က နော်အုန်းလှတို့၊ ဘားအံက နန်းခင်ထွေးမြင့်တို့၊ မကွေးက ဒေါ်ခင်စောဌေးတို့၊ ဒေါ်အုန်းမြတို့

**စာမျက်နှာ (၁၅) ကော်လံ (၁) သို့ ...**

## စစ်အစိုးရကျူးလွန်တဲ့ရာဇဝတ်မှုတွေကို ဖော်ထုတ်ဖို့ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် အဆိုတင်သွင်း



မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အထူး ကိုယ်စားလှယ် မစ္စတာကွင်တားနား

မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် မစ္စတာကွင်တားနားက မြန်မာ စစ် အစိုးရကိုကုလသမဂ္ဂ နိုင်ငံတကာစုံစမ်း စစ်ဆေးရေးအဖွဲ့တရပ်ဖွဲ့စည်းပြီး စစ်ဆေးဖို့ ကုလသမဂ္ဂအဖွဲ့ကြီးကို အကြံပြုတိုက်တွန်းလိုက်ပါတယ်။

မြန်မာစစ်အစိုးရရဲ့ လူသားများအပေါ်ကျူးလွန်တဲ့ရာဇဝတ်မှုနဲ့ စစ် ရာဇဝတ်မှုမြောက်နိုင်တဲ့ အချက်အလက်တွေကို ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့က ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီရဲ့ ညီလာခံမှာ လူ့အခွင့်ရေး အထူး ကိုယ်စားလှယ်က အခုလို အဆိုတင်သွင်းလိုက်တာဖြစ်ပါတယ်။

မစ္စတာကွင်တားနားဟာ ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံ လူ့အခွင့်အရေး အထူးကိုယ်စားလှယ်အဖြစ် တာဝန်ပေးခံရပြီး မြန်မာနိုင်ငံကို တတိယ အကြိမ်အဖြစ် လာရောက်စုံစမ်းပြီး အပြန်မှာ အခုလို အစီရင်ခံတင်ပြလိုက်တာလည်း ဖြစ်ပါတယ်။

မစ္စတာကွင်တားနားရဲ့ အစီရင်ခံစာအရ မြန်မာစစ်အစိုးရရဲ့ လူ့အခွင့်အရေးချိုးဖောက်မှုအချို့ဟာ နိုင်ငံတကာ ရာဇဝတ်ခုံရုံးရဲ့ အခိုပ္ပါယ်ဖွင့်ဆိုချက်အရ "လူသားမျိုးနွယ်အပေါ် ဆန့်ကျင်သည့်စစ်ရာဇဝတ်မှုများ" အဖြစ် သတ်မှတ်နိုင်တယ်လို့ အဆိုပြုထားပါတယ်။

ဥပမာအနေနဲ့ ကလေးစစ်သားတွေစုဆောင်းမှု၊ ရခိုင်ပြည်မြောက်ပိုင်းက မွတ်စလင်တွေအပေါ် ခွဲခြားဆက်ဆံမှုတွေနဲ့အစားအစာ၊ အိုးအိမ်နေရာ၊ ပညာရေး စတဲ့အခြေခံလိုအပ်ချက် တွေကို တာဝန်ယူဆောင်ရွက်ပေးမှု ကင်းမဲ့နေတာတွေကို အစီရင်ခံစာမှာ ထည့်သွင်း ဖော်ပြထားပါတယ်။

ဒါ့ကြောင့် လူ့အခွင့်အရေး ချိုးဖောက်မှုတွေဟာ စနစ်တကျ ကျူးလွန်ကြောင်းပေါ်လွင်နေပြီး ရပ်တန့်စေရန် အားထုတ်တားဆီးတာတွေမရှိဘဲ စစ်တပ် အာဏာပိုင်များ၊ အစိုးရအရာရှိများနဲ့ တရားရေးဌာနများကပါ ကျူးလွန်နေတာကြောင့် လိုအပ်တဲ့ အသေးစိတ်အချက်အလက်တွေကို စုဆောင်းစစ်ဆေးနိုင်တဲ့ အခွင့်အရေးရှိတဲ့ ကော်မရှင်တရပ်ကို ကုလသမဂ္ဂအဖွဲ့ကြီးက ဖွဲ့စည်း ပေးဖို့ကိုလည်း အစီရင်ခံစာမှာ အကြံပြုထားပါတယ်။

အာဆီယံလွှတ်တော်အမတ်များအဖွဲ့ AIPMC ရဲ့ဥက္ကဋ္ဌဖြစ်တဲ့ ထိုင်း ဒီမိုကရက်အစိုးရအမတ် မစ္စတာ ကရိုင်ဆတ် ချွန်ဟာဗန် (Kharaisak Choonhavan)က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းပေးရေးကို ထောက်ခံခဲ့ပါတယ်။

တဆက်တည်းမှာဘဲ ကုလသမဂ္ဂဆိုင်ရာ အငြိမ်းစားထိုင်းသံအမတ်ကြီး အက်စ်ဒါဂျာယာနာမား (Asda Jayan-ama) ကလည်း ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်အနေနဲ့ ကော်မရှင် ဖွဲ့စည်းပေးနိုင်လိမ့်မယ်လို့ ယူဆရတဲ့အကြောင်း ပြောပါတယ်။

မြန်မာစစ်အစိုးရအနေနဲ့ အခြေခံလူ့ အခွင့်အရေးတွေကို ကန့်သတ်တဲ့ ဥပဒေတွေ သုံးသပ်ပြင်ဆင်ဖို့၊ နိုင်ငံရေးအကျဉ်းသားတွေကို ရွေးကောက်ပွဲမတိုင်မီလွှတ်ပေးဖို့၊ တပ်မတော်ကို လူ့အခွင့်အရေးပညာပေးဖို့၊ လွတ်လပ်တဲ့ တရားစီရင်မှုစနစ်ကျင့်သုံးဖို့ စတာတွေကို အကြံပြုထားပေမယ့် စစ်အစိုးရက လိုက်နာခြင်းမရှိဘူးလို့ မစ္စတာကွင်တာနားက ပြောပါတယ်။

မြန်မာနိုင်ငံက လူ့အခွင့်အရေးချိုးဖောက်တာတွေကို စုံစမ်းစစ်ဆေးရေး ကော်မရှင်တရပ်ဖွဲ့စည်းဖို့ အရင်က မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အထူးသံတမန်လုပ်ခဲ့ဘူးတဲ့ ပေါ်လို ဆာဂျရိုပီညဲရိုးကလည်း ကုလသမဂ္ဂကို အကြံပြုခဲ့ဘူးပါတယ်။

အခု လူ့အခွင့်အရေး အထူးကိုယ်စားလှယ်ရဲ့ ကုလသမဂ္ဂသို့ အစီရင်ခံစာကို အမေရိကန်အခြေစိုက် လူ့အခွင့်အရေးအဖွဲ့တွေအပါအဝင် ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးအဖွဲ့တွေက ထောက်ခံကြိုဆိုခဲ့ကြတယ်လို့ သိရပါတယ်။

## စစ်အစိုးရရဲ့ထိုးစစ်တွေရပ်စဲဖို့ ကုလပြော



ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း

မြန်မာစစ်အစိုးရရဲ့ အင်အားသုံးထိုးစစ်ဆင်မှုတွေနဲ့အတူ ကရင်အရပ်သားများနေထိုင်တဲ့ကျေးရွာတွေကို တိုက်ခိုက်ဖျက်ဆီးနေတာနဲ့ ပတ်သက်လို့ ရပ်တန်းကရပ်ဖို့ ကုလ သမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း (Mr. Ban Kimoon) က မကြာခင်က စစ်အစိုးရကို ပြောခဲ့ပါတယ်။

၂၀၁၀ ရွေးကောက်ပွဲအကြို နှစ်ဦးပိုင်းကစလို့ ကရင်ပြည်နယ်နဲ့ ပဲခူးတိုင်းတို့မှာရှိတဲ့ ကရင်ကျေးရွာတွေကို မြန်မာစစ်အစိုးရရဲ့တပ်တွေက အရှိန်မြှင့်ပြီး တိုက်ခိုက်လာတဲ့ အပေါ်မှာ အပြစ်မဲ့တဲ့ ကရင်အရပ်သားတွေရဲ့ အနာဂတ်ကိုငဲ့ညှာပြီး သက်ဆိုင်တဲ့သူများအနေနဲ့ တာဝန်ရှိရှိလုပ်ဆောင်ဖို့ လိုကြောင်းနဲ့ ထိုးနှက်တိုက်ခိုက်မှုတွေကို ရပ်တန်းကရပ်ပြီး ငြိမ်းချမ်းတဲ့နည်းနဲ့ ဖြေရှင်းရမှာဖြစ်တယ်လို့ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းကပြောကြောင်း ပြောခွင့်ရသူ မစ္စစ်မာရီးအိုကာဘဲ (Ms.Marie Okabe) က ဖေဖော်ဝါရီလအတွင်းကပြုလုပ်ခဲ့တဲ့ ကုလသမဂ္ဂ သတင်းစာရှင်းလင်းပွဲတခုမှာ ပြောပါတယ်။

နအဖအနေနဲ့ ၂၀၁၀ ရွေးကောက်ပွဲ နီးကပ်လာတာနဲ့အမျှ အတိုက်အခံခေါင်းဆောင်တွေကို အကြောင်းရှာပြီး ထောင်ချတယ်။ နယ်စပ်မှာရှိတဲ့ (KNU) လို စစ်မှန်တဲ့ ဖက်ဒရယ်စနစ်အတွက် ရပ်တည်တဲ့အဖွဲ့တွေကို ပြင်းပြင်းထန်ထန် ထိုးစစ်ဆင်တိုက်ခိုက်တယ်။ ပိုပြီး ဆိုးဆိုးရွားရွားဖြစ်တာတခုကတော့ အပြစ်မဲ့တဲ့ ကရင်ရွာသူရွာသားတွေကို တိုက်ခိုက်လာတယ်လို့ ဂျာမဏီနိုင်ငံ အခြေစိုက် (KNU) ကိုယ်စားလှယ် မန်းအောင်လွင်က ဗွီအိုအေကို ပြောပါတယ်။

ဆက်ပြီးတော့ တွယ်လွယ်ထူး၊ ညောင်လေးပင်၊ မူထရာ၊ ဖာပွန်၊ ကျောက်ကြီးလိုဒေသတွေက အပြစ်မဲ့တဲ့ ကရင်ပြည်သူတွေကို တိုက်ခိုက်၊ ဖျက်ဆီး၊ မီးရှို့ပြီးတော့၊ မုဒိန်းကျင့်၊ ပစ္စည်းလုတာတွေ လုပ်ဆောင်လာတာဟာလည်း တချိန်က အဲဒီဒေသတွေဟာ အဖွဲ့ချုပ် (NLD) ရဲ့ ဘက်တော်သားတွေ ဖြစ်ကြတာကြောင့် လာမယ့်ရွေးကောက်ပွဲမှာ မဲမထည့်နိုင်အောင် ကြိုတင်ရှင်းလင်းထားတာဖြစ်နိုင်တယ်လို့လည်း မန်းအောင်လွင်က ပြောပါတယ်။

ဆက်ပြီးတော့ နိုင်ငံတကာ ဖိအားပေးမှုတွေဟာ အလွန် အရေးပါသော်လည်း အခုအချိန်ဟာ တိုင်းရင်းသားတရပ်လုံးနဲ့ ကရင်အမျိုးသားအားလုံး သွေးစည်းညီညွတ်ရမယ့် အချိန်ဖြစ်ပြီးတော့ ပြည်သူ့ဘက်တော်သား တပ်မတော်သားများဟာလည်း ပြည်သူနဲ့အတူ လက်တွဲပြီး ငြိမ်းချမ်းရေးကို တည်ဆောက်ကြပါလို့ မေတ္တာရပ်ခံလိုက်ပါတယ်။

+++

# မြန်မာ့အရေး ရှေ့ဆက်ဖို့ အရေးပေါ်ဆွေးနွေးရန် ကုလသမဂ္ဂကို ဗြိတိန်ဝန်ကြီးချုပ်တိုက်တွန်း



ဗြိတိန်ဝန်ကြီးချုပ် ဂေါ်ဒွန်ဘရောင်း

မြန်မာနိုင်ငံရဲ့ လက်ရှိနိုင်ငံရေး အခြေအနေတွေနဲ့ပတ်သက်ပြီး နယူးယောက်ခ်မြို့က ကုလသမဂ္ဂရုံးမှာ အရေးပေါ်ဆွေးနွေးပွဲတရပ် ခေါ်ယူပေးဖို့ ဗြိတိန်ဝန်ကြီးချုပ်က ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဆီကို စာရေးတောင်းဆိုလိုက်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကို စစ်အစိုးရက မြန်မာ့နိုင်ငံရေးထဲကနေ ထုတ်ပယ်ပစ်ဖို့ ကြိုးစားတာဟာ စာနာမှုကင်းမဲ့ပြီးတော့ တဖက်သားကို အထိနာအောင်လုပ်တာဖြစ်တယ်လို့ ဗြိတိန်ဝန်ကြီးချုပ် ဂေါ်ဒွန်ဘရောင်း (Gordon Brown) က ကောက်ချက်ချပြောဆိုပြီး မတ်လ ၁၆ ရက် ရက်စွဲနဲ့ ကုလသမဂ္ဂကို စာရေးတောင်းဆိုလိုက်တာ ဖြစ်ပါတယ်။

နိုင်ငံတကာ အသိုင်းအဝိုင်းကလည်း အလားတူရှုမြင်ကြပြီးတော့ မြန်မာစစ်အစိုးရဟာ လုံခြုံရေးကောင်စီ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၊ အမေရိကန်၊ ဥရောပသမဂ္ဂနဲ့ အိမ်နီးချင်းနိုင်ငံတွေရဲ့ တောင်းဆိုချက်တွေကိုပါ လျစ်လျူရှုလိုက်တာဖြစ်တယ်လို့လည်း ဆိုပါတယ်။

ဂေါ်ဒွန်ဘရောင်းရဲ့ တောင်းဆိုချက်ကို လန်ဒန်အခြေစိုက် မြန်မာ့အရေးလှုပ်ရှားနေတဲ့ (Burma Campaing UK) အဖွဲ့ကြီးကလည်း ကြိုဆိုလိုက်ပြီးတော့ နိုင်ငံတကာအနေနဲ့ ဒီကိစ္စကို ပူးပေါင်းပါဝင်ပြီးတော့ ကုလသမဂ္ဂလုံခြုံရေးကောင်စီကနေ စစ်အစိုးရကို မဖြစ်မနေလိုက်နာရမယ့် ဆုံးဖြတ်ချက်တွေ ချမှတ်နိုင်လိမ့်မယ်လို့ အဖွဲ့ရဲ့အမှုဆောင်ဒါရိုက်တာ အန်နာရောဘတ်စ် (Anna Roberts) က ဗွီအိုအေကို ပြောပါတယ်။

တချိန်တည်းမှာဘဲ စစ်အစိုးရရဲ့ ရွေးကောက်ပွဲဥပဒေတွေဟာ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံကို အခြေခံထားတာဖြစ်ပြီး တရားဝင်အတည်မဖြစ်သေးတဲ့ အကြောင်းနဲ့ စစ်ကောင်စီရဲ့လုပ်တလော လူ့အခွင့်အရေးချိုးဖောက်မှုတွေကို ဖိအားပေးဖို့အပါအဝင် ရေးသားထားတဲ့စာကို ယူအင်အေလို့ခေါ်တဲ့ ပြည်ထောင်စုလူမျိုးစုများ မဟာမိတ်အဖွဲ့ကလည်း ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ကို စာတစောင်ပေးပို့ပြီးတော့ လုံခြုံရေးကောင်စီရဲ့ အမြဲတမ်းအဖွဲ့ဝင် ၆ နိုင်ငံကို မိတ္တူပေးခဲ့ပါတယ်။

+++

# ၂၀၁၀ ရွေးကောက်ပွဲဟာ အတုအယောင်သာဖြစ်တယ်လို့ အာဆီယံအဖွဲ့ဝင် နိုင်ငံတွေကပြော



ဖိလစ်ပိုင် နိုင်ငံခြားရေးဝန်ကြီး အယ်လ်ဘာတို ရိုမူလို

၂၀၁၀ ခုနှစ်အတွင်းမှာ ကျင်းပမယ်လို့ကြေညာထားတဲ့ ရွေးကောက်ပွဲက ပြည်သူတွေရဲ့ဆန္ဒနဲ့ ကိုက်ညီမှုမရှိဘဲပြုလုပ်မှာဖြစ်တာကြောင့် အတုအယောင်သာဖြစ်တယ်လို့ ဖိလစ်ပိုင်နိုင်ငံက ပြောကြားလိုက်ပါတယ်။

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် တိုင်းရင်းသားခေါင်းဆောင်တွေကို ရွေးကောက်ပွဲမဝင်နိုင်အောင် ကန့်သတ်ထားပြီးတော့ မျှတမှုမရှိတဲ့ ဥပဒေတွေအတိုင်း ကျင်းပမယ့် ရွေးကောက်ပွဲဟာ အတုအယောင် ရွေးကောက်ပွဲဘဲဖြစ်တယ်လို့ ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး အယ်လ်ဘာတိုရိုမူလို (Alberto Romulo) က ပြောဆိုလိုက်ပါတယ်။

အခုလို ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးက ပြောဆိုလိုက်တဲ့အပေါ် ဖိလစ်ပိုင်အစိုးရရဲ့အတိုက်အခံ အင်အားစုက အထက်လွှတ်တော်အမတ် အကွီလီနိုနီနီပီမိန်တယ်လ် (Aquilino NeNe Pimentel) ကလည်း ထောက်ခံလိုက်တဲ့အပြင် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေတွေကိုလည်း ပြန်လည်ပြင်ဆင်ပေးဖို့ ဖိလစ်ပိုင်အစိုးရက တောင်းဆိုလိုက်ပါတယ်။

ဒါ့အပြင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေဟာ မြန်မာပြည်သူတွေရဲ့ဆန္ဒနဲ့ တထပ်တည်းမကျဘူးလို့ အာဆီယံနိုင်ငံအားလုံးက လက်ခံကြပါတယ်။

ဒါ့ကြောင့် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် တခြားခေါင်းဆောင်တွေကို ပါဝင်ခွင့်မပေးတဲ့ ရွေးကောက်ပွဲဥပဒေကို ထုတ်ပြန်လိုက်တဲ့အတွက် အလွန်ဝမ်းနည်းစရာကောင်းကြောင်းကိုလည်း အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောခွင့်ရ တိကုဖိုင်ဇာယား (TeuKu Faizasyah) က ပြောပါတယ်။

မလေးရှားလွှတ်တော်အမတ် ထရီဆာကော့ကလည်း မလေးရှားအစိုးရအနေနဲ့ဒီကိစ္စကို ထုတ်ပြန်တာ မရှိသေးပေမယ့် အင်ဒိုနီးရှားနဲ့ ဖိလစ်ပိုင်အစိုးရတွေက သူတို့ရဲ့ သဘောထားတွေကို ထုတ်ပြန်တာတွေ့ရလို့ ဝမ်းသာတဲ့အကြောင်းနဲ့ မလေးရှားအစိုးရကိုလည်း မြန်မာနိုင်ငံ အစိုးရက ကြေညာထားတဲ့ ရွေးကောက်ပွဲဥပဒေအပေါ် သဘောထားကို ကြေညာချက်ထုတ်ဖို့ တိုက်တွန်းမယ်လို့ ပြောပါတယ်။

ဆက်ပြီးတော့ မြန်မာစစ်အစိုးရဟာ လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲကျင်းပမယ်လို့ ကမ္ဘာကို ကြေညာခဲ့ပြီး ဒီအနှစ် ၂၀ အတွင်းမှာ စစ်အစိုးရဟာ စေတနာအရင်းမှန်နဲ့ လုပ်ဆောင်တာမတွေ့ရဘဲ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားတွေကို အခုလို နိုင်ငံရေးပြင်ပရောက်အောင် လုပ်ဆောင်လိုက်တဲ့အတွက် ရွေးကောက်ပွဲတရပ်လုံးကို စော်ကားလိုက်တာဖြစ်တယ်လို့ ယူဆတဲ့အကြောင်း ထရီဆာကော့က ပြောဆိုလိုက်ပါတယ်။

+++

**ဒေါ်အောင်ဆန်းစုကြည်မှတပါး ဒီနေ့ဗမာပြည်သူလူထုကိုဦးဆောင်နိုင်တဲ့သူ၊ ဒေါ်အောင်ဆန်းစုကြည်မှတပါးတပ်မတော်နဲ့ ပြည်သူလူထုကိုရင်ကြားစေ့အောင်ဆောင်ရွက်နိုင်တဲ့လူ ဗမာပြည်မှာ ဘယ်သူမှမရှိပါဘူး။**

**လူထုစိန်ဝင်း**

# ပိတ်ထားတဲ့ရုံးများဖွင့်ခွင့်ပေးသော်လည်း အကန့်အသတ်များရှိ




ပြန်လည်ဖွင့်လှစ်လိုက်သည့် ကျောက်တံတားမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံး

ရွေးကောက်ပွဲကော်မရှင်ဥပဒေ ထုတ်ပြန်ပြီးတဲ့နောက်မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ တိုင်းနဲ့ ပြည်နယ်အသီးသီးက ချိတ်ပိတ်ခံထားရတဲ့ ရုံးတွေကို ပြန်ဖွင့်ခွင့်ပြုလိုက်ပါတယ်။

စစ်အစိုးရအနေနဲ့ တဖက်က ဒေါ်အောင်ဆန်းစုကြည်နဲ့တကွ အတိုက်အခံ နိုင်ငံရေးခေါင်းဆောင်တွေကို ရွေးကောက်ပွဲနဲ့ကင်းကွာအောင် ဥပဒေတွေနဲ့ ကန့်သတ်တားဆီးထားတာနဲ့ တပြိုင်တည်းမှာဘဲ အခုလို အဖွဲ့ချုပ်ရဲ့ နှစ်ရှည်လများ ချိတ်ပိတ်ထားတဲ့ရုံးတွေကို ပြန်ဖွင့်ခွင့်ပြုလိုက်တာဘဲ ဖြစ်ပါတယ်။

၂၀၀၃ ခုနှစ်က စစ်ကိုင်းတိုင်း၊ ဒီပဲယင်းမြို့အနားမှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ စည်းရုံးရေးခရီးစဉ်ကို တိုက်ခိုက်ဖျက်ဆီးခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးနဲ့ကွ အဖွဲ့ချုပ်ခေါင်းဆောင်တွေနဲ့အဖွဲ့ဝင်တွေကို ရိုက်နှက်ဖမ်းဆီး၊ ထောင်ချခဲ့တဲ့အပြင် အဖွဲ့ချုပ်ရုံးတွေကိုလည်း ပိတ်ပစ်ခဲ့တာ ဖြစ်ပါတယ်။

အဲဒါနဲ့ပတ်သက်ပြီးတော့ အဖွဲ့ချုပ်အနေနဲ့ နစ်နာခဲ့ရတဲ့အတွက် မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာကျင့်ထုံးဥပဒေ (Law of Tort) အရ တရားစွဲဆိုပြီးတော့ နစ်နာကြေးတောင်းခံမှာဖြစ်တယ်လို့ အဖွဲ့ချုပ်ရဲ့ ဥပဒေအကျိုးဆောင်ရှေ့နေကြီးဦးဉာဏ်ဝင်းက ဗွီအိုအေကို ပြောပါတယ်။

အခုလို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးတွေ ပြန်ခွင့်ပေးလိုက်ပေမယ့် အချို့နေရာတွေမှာတော့ တားမြစ်မှုတွေရှိတယ်လို့ သိရပါတယ်။

ရန်ကုန်တိုင်းက တချို့မြို့နယ်တွေမှာ ပါတီရုံးခန်းပြန်ဖွင့်ဖို့အတွက် လျှောက်လွှာတင်ရမယ်လို့ ကြားရပြီး တောင်ဒဂုံနဲ့ မရမ်းကုန်းမြို့နယ်တွေက ရုံးတွေကိုတော့ အလုပ်အမှုဆောင်အဖွဲ့ငါးယောက်မပြည့်တဲ့အတွက် လုပ်ငန်းများဆက်လက်လုပ်ကိုင်ဖို့ကို တားမြစ်ထားတယ်လို့သိရတဲ့အကြောင်း တိုင်းစည်းရုံးရေး ဒုဥက္ကဋ္ဌ ဒေါက်တာ သန်းငြိမ်းက အာရ်အက်ဖ်အေကို ပြောပါတယ်။

အဖွဲ့ချုပ်ရဲ့ပြန်ကြားရေးတာဝန်ခံ ဦးခင်မောင်ဆွေကလည်း ရုံးခန်းတွေဖွင့်ခွင့်ပေးတာတောင် တော်တော်နောက်ကျနေပြီး ရိုးရိုးသားသား စေတနာအပြည့်နဲ့လုပ်ကြမယ်ဆိုရင် ပြဿနာတွေအေးမှာဖြစ်ပြီးတော့ ရုံးခန်းတွေဖွင့်ပေးပြီး ကန့်သတ်ချက် အမျိုးမျိုးတွေနဲ့လုပ်နေမယ်ဆိုရင်လည်း အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ကောင်းမွန်တဲ့လမ်းကိုသွားတဲ့နေရာမှာ အဟန့်အတားတွေဖြစ်နေအုံးမှာဘဲလို့ ပြောပါတယ်။

အခုလို မြန်မာတနိုင်ငံလုံးက ချိတ်ပိတ်ခံထားရတဲ့ အဖွဲ့ချုပ်ရုံးတွေကို ပြန်ဖွင့်ပေးလိုက်ပေမယ့် ရွေးကောက်ပွဲကော်မရှင်ဥပဒေပါ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေအရ ကန့်သတ်ချက်တွေကိုတော့ ဆက်လက်ရင်ဆိုင်သွားရအုံးမှာဖြစ်ပါတယ်။

# ပါတီမှတ်ပုံတင်ရေးမတင်ရေးအပေါ် သဘောထားများ



NLD ဥက္ကဋ္ဌဦးအောင်ရွှေ

၂၀၁၀ ရွေးကောက်ပွဲကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ ဝင်ရောက် အရွေးခံသင့်၊ မခံသင့်နဲ့ ပါတီမှတ်ပုံတင်ကိစ္စတို့အပေါ်မှာ မတူကွဲပြားတဲ့အမြင်များ ထွက်ပေါ်နေပါတယ်။

စစ်အစိုးရရဲ့ ရွေးကောက်ပွဲဆိုင်ရာဥပဒေတွေ ထုတ်ပြန်ပြီးတဲ့နောက်ပိုင်းမှာ အခုလို သဘောထားအမြင်တွေ ထွက်ပေါ်လာခြင်း ဖြစ်ပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ရဲ့ ဥက္ကဋ္ဌဦးအောင်ရွှေက အမှုရင်ဆိုင်ဖို့ကိစ္စတွေရှိနေတဲ့အတွက် ပါတီရှိနေဖို့လိုအပ်တာကြောင့် ပါတီမှတ်ပုံတင်ဖို့အကြံပြုကြောင်းကို ဗဟိုအလုပ်အမှုဆောင်အစည်းဝေးမှာ ပြောဆိုပါတယ်။

ဗဟိုအလုပ်အမှုဆောင် ဦးဝင်းတင်ကတော့ မှတ်ပုံမတင်ဖို့ကို အဆိုပြုပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို ပါတီက ထုတ်ပစ်ဖို့ကို လက်မခံပါဘူး။ ၁၉၉၀ နောက်ပိုင်းကစပြီး ဒေါ်စုကို ပါတီကထုတ်ဖို့ စစ်အစိုးရက ကြိုးပမ်းခဲ့တာ အခုထိဖြစ်ပြီးတော့ အတည်မဖြစ်သေးတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ခံဝန်ချက်တွေနဲ့ ဦးကျိုးအောင်လုပ်တာ၊ နိုင်ငံရေးသိက္ခာပျက်အောင်လုပ်တာ နှစ်ချက်နဲ့ဘဲ လက်မခံနိုင်ဘူးလို့ ခေတ်ပြိုင် ဂျာနယ်ကို ပြောပါတယ်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးခင်မောင်ဆွေက ပါတီမပျက်အောင် ဆက်ထိန်းသွားမှာဖြစ်ပြီး ရွေးကောက်ပွဲဝင်တာဟာ စစ်အစိုးရကို ခေါင်းငုံ့ခံတာမဟုတ်ဘူး၊ မတရားတဲ့ အခြေခံဥပဒေကို ပြုပြင်ပြောင်းလဲဖို့ စိုက်လိုက်မတ်တတ် ကြိုးစားဖို့ သံန္နိဋ္ဌာန်ချထားတယ်လို့ ပြောပါတယ်။

ဦးအေးသာအောင် (ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်) ကတော့ ဖွဲ့စည်းပုံ အခြေခံဥပဒေမပြောင်းလဲရင် မှတ်ပုံတင်ရေး၊ ရွေးကောက်ပွဲဝင်ရေးကို စဉ်းစားမှာမဟုတ်ဘူး၊ ဒါပေမယ့် အဲန်အယ်လ်ဒီ အနေနဲ့ဝင်ဖို့ ဆုံးဖြတ်မယ်ဆိုရင်တော့ သူ့ရဲ့ပါတီဝင်တွေနဲ့အဲဒီကိစ္စကို ဆွေးနွေးရမှာဖြစ်တယ်လို့ ပြောပါတယ်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ဥက္ကဋ္ဌဦးအောင်ရွှေ၊ ဦးခင်မောင်ဆွေနဲ့ ဒေါက်တာသန်းငြိမ်းတို့က ပါတီမှတ်ပုံတင်ရေးကို လိုလားပြီးတော့ ဦးဝင်းတင်၊ ဦးဉာဏ်ဝင်း၊ ဦးအုန်းကြိုင်တို့ကတော့ ပါတီမှတ်ပုံတင်ဖို့ ဆန္ဒမရှိကြဘူးလို့ သတင်းများ ထွက်ပေါ်နေတာကို မဇ္ဈိမ သတင်းမှာ ဖော်ပြထားပါတယ်။

+++

**စာမျက်နှာ (၆) မှ ဦးအေးသာအောင်၏ အမြင်သဘောထားမှ အဆက်...**

ဘူး။ တခြား တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေဖြစ်တဲ့ KIO ၊ ဝ ၊ မွန်ပြည်သစ်တွေကလည်း ၂၀၀၈ အခြေခံဥပဒေအရ လုပ်ဆောင်လာတဲ့ နယ်ခြားစောင့်တပ်အရေးကို လက်မခံဘူး။ အဲတော့ တိုင်းပြည်မှာ နိုင်ငံရေးတည်ငြိမ်မှုတွေ မရှိနိုင်ဘူး။ ပြည်တွင်းစစ်ကိုလည်း ငြိမ်းစေမှာ မဟုတ်သလို၊ ပြည့်ဝတဲ့ ငြိမ်းချမ်းရေးကိုလည်း ဖော်ဆောင်နိုင်မှာ မဟုတ်ဘူး။ အန်ကယ်တို့လိုပါတီတွေ၊ NLD လိုပါတီတွေ မပါဝင်တဲ့အတွက် အမေရိကန်၊ ဥရောပနိုင်ငံတွေ အပါအဝင် နိုင်ငံတကာကလည်း ဒီရလဒ်ကို အသိအမှတ်ပြုမယ်လို့ မယုံကြည်ဘူး။ ဒီလိုဆိုရင် ဒီရွေးကောက်ပွဲရဲ့ ဟိုဘက် ရလဒ်ဟာလည်းပဲ နိုင်ငံရေး အဓိပ္ပာယ် ရှိလိမ့်မှာမဟုတ်ဘူး။

*(မဇ္ဈိမမှ ကူးယူဖော်ပြပါသည်။)*

စာမျက်နှာ (၁၁) လူထုစိန်ဝင်းမှအဆက်...

ခင်စန္ဒာဝင်းတို့ဆိုတဲ့ နာမည်တွေ။ အဲဒီအမျိုးသမီးတွေဟာ တကယ်တန်းပြည်သူလူထုအတွက် တကယ်လည်း သူတို့ တက်တက်ကြွကြွ အလုပ်လုပ်ကြတယ်။ ဘယ်ပြဿနာပဲဖြစ်ဖြစ် ငြိမ်မနေကြဘူး။ သူတို့ ဝင်ပါကြတယ်။ ကလေးစစ်သားအရေးလည်း သူတို့ဝင်ပါကြတာပဲ။ လယ်ယာမြေ အသိမ်းခံရတဲ့ကိစ္စလည်း ဝင်ပါကြတာပဲ။ နာဂစ်ကိစ္စဆိုလည်း တက်တက်ကြွကြွ ဝင်ပြီးတော့ လှုပ်ရှားကြတာပဲ။ အဲဒီအမျိုးသမီးတွေနဲ့ အစားထိုးလိုက်ရင်တောင်မှ အဲန်အယ်လ်ဒီဟာ ပိုကောင်းသွားမယ်ဆိုပြီး နောက်ပြောင်ပြီး အပြင်မှာ ပြောလေ့ရှိတယ်။

အဲလို ပြောရလောက်အောင်ပဲ လက်ရှိ အဲန်အယ်လ်ဒီရဲ့ ခေါင်းဆောင်မှု စီအီးစီတွေဟာ ဘာမှကိုပဲ သုံးမရတော့လောက်အောင် ဖြစ်နေတယ်။ ဒါကြောင့်မို့လို့ ဒီရွေးကောက်ပွဲဥပဒေထွက်လာတဲ့အခါမှာ သေချာပေါက် အစိုးရအကြိုက် လိုက်လုပ်မှာပဲလို့ ဆရာက ယူဆပြီးတော့ မှတ်ပုံလည်း တင်မှာပဲ၊ ရွေးကောက်ပွဲလည်းဝင်မှာပဲလို့ ပြောလိုက်တယ်။

ရွေးကောက်ပွဲ ဝင်တာ ကောင်းတယ်၊ မကောင်းဘူး။ မှတ်ပုံတင်တာကောင်းတယ်၊ မကောင်းဘူးလို့ ဆရာက ပြောတာမဟုတ်ဘူး။ ဒါက မည်သူမဆို နိုင်ငံသူနိုင်ငံသားတိုင်း လွတ်လွတ်လပ်လပ် ဆုံးဖြတ်ပိုင်ခွင့်ရှိတဲ့ကိစ္စ၊ ဆရာ့အနေနဲ့ အကောင်းအဆိုး ဘာမှ ဝေဖန်စရာ အကြောင်းမရှိဘူး။ ရွေးကောက်ပွဲဝင်မယ်ဆိုတဲ့သူတွေကိုလည်း ဆရာဘာမှ ဝေဖန်စရာ အကြောင်းမရှိဘူး။ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်နဲ့ လုပ်ချင်ရာလုပ်ခွင့် ရှိပါတယ်။ အဲန်အယ်လ်ဒီပါတီအနေနဲ့ကတော့ မူမရှိတဲ့အဖြစ်ကို ထောက်ပြတာပါ။

ဘယ်လိုမူမရှိတာလဲဆိုတော့ အမျိုးသားညီလာခံကနေပြီးတော့ သပိတ်မှောက်ပြီးတော့ ဥက္ကဋ္ဌဦးအောင်ရွှေခေါင်းဆောင်ပြီးတော့ ထွက်လာခဲ့တာ။ အခုတကယ်ဆိုရင် ရွေးကောက်ပွဲဝင်တော့မယ်ဆိုရင် အဲဒီဟာကို အမျိုးသားညီလာခံက ထွက်လာတာ ကျွန်တော်တို့မှားပါတယ်ဆိုပြီး တိုင်းပြည်ကို ဝန်ခံတဲ့ကြေငြာချက် သူတို့ ထုတ်သင့်တယ်။ နောက်တခါ သူတို့ပြောတဲ့ ရွှေဂုံတိုင်ကြေငြာစာတမ်း၊ ဒါလည်းပဲ အခုသူတို့ ထည့်မစဉ်းစားတော့ဘူး ။ အဲဒီတော့ ပါးစပ်ကပဲ ကြေငြာချက်တွေ ပါးစပ်ကပဲ ပြောနေတယ်။ ဒီအနှစ် ၂၀ အတွင်းမှာ ကြေငြာချက်တွေပဲ ပလူပျံအောင် ထုတ်ခဲ့တယ်။ ကိုယ်ထုတ်ခဲ့တဲ့ ကြေငြာချက်တွေကိုတောင်မှ ကိုယ်က အခိုင်အမာရပ်တည်ဖို့ သူတို့မှာ စိတ်ဓာတ်မရှိဘူး။ ဒါကြောင့်မို့ သူတို့ဟာ မူမရှိတဲ့ နိုင်ငံရေးပါတီတခု၊ အဲတော့ မူမရှိတဲ့ပါတီတခုဟာ ရာသီဥတုပြောင်းတိုင်း လိုက်ပြီးတော့ အရောင်ပြောင်းတဲ့ ပုတ်သင်ညိုလိုပဲ။ အမြဲတမ်းသူဟာ အရောင်ပြောင်းပြီး ခေါင်းညိတ်နေမှာပဲ။ အဲဒါကြောင့် ဆရာက အဲန်အယ်လ်ဒီဟာ ရွေးကောက်ပွဲလည်း ဝင်မှာပဲ၊ ပါတီလည်း မှတ်ပုံတင်မှာပဲလို့ ပြောလိုက်တာ။

သူတို့ပါတီကို ဒေါ်အောင်ဆန်းစုကြည်မပါပဲ အဲန်အယ်လ်ဒီဟာ မှတ်ပုံတင်ရင်၊ ရွေးကောက်ပွဲဝင်ခဲ့ရင် နောက်ဆုံးမှာ သူတို့ပဲ ခွက်ခွက်လန်အောင် ရှုံးပြီးတော့ အရှက်ကွဲကြမှာ။ ၁၉၉၀ ရွေးကောက်ပွဲတုန်းက တစည က ၇ နေရာ အနိုင်ရတယ်။ ဒီတကြိမ် ရွေးကောက်ပွဲမှာ အဲန်အယ်လ်ဒီဟာ ၇ နေရာမပြောနဲ့ ၃ နေရာ ၄ နေရာတောင်မှ အနိုင်ရမယ်လို့ ဆရာတော့ မထင်ဘူး။ ဘာလို့ဆိုတော့ အဲန်အယ်လ်ဒီဆိုတာဟာ လူထုက ဒေါ်အောင်ဆန်းစုကြည်ရဲ့ပါတီလို့ နားလည်ထားတာ၊ အောင်ဆန်းစုကြည်မပါတဲ့ အဲန်အယ်လ်ဒီဟာ အသက်ဝိညာဉ်မရှိတဲ့ အဖွဲ့အစည်းပဲဖြစ်မယ်။ သူတို့ ဘယ်လိုနည်းနဲ့မှလည်း ရွေးကောက်ပွဲမှာ နိုင်မှာမဟုတ်ဘူး။ နိုင်တာရှုံးတာထား၊ ရွေးကောက်ပွဲဝင်တာမဝင်တာလည်း သူတို့ရဲ့ ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ လုပ်ခွင့်ရှိပါတယ်။ ဒါတွေကို ကောင်းတယ်၊ မကောင်းဘူးလည်း မပြောဘူး။ မှတ်ပုံတင်သင့် မတင်သင့်လည်း ဆရာမပြောဘူး။ အဲန်အယ်လ်ဒီပါတီ ရွေးကောက်ပွဲဝင်မလား၊ မဝင်ဘူးလားလို့ လာလာမေးကြတဲ့သူတွေကို အဲလိုဖြေလိုက်တာ။ အဲလို ဖြေရတဲ့အကြောင်းရင်းကို ဆရာ ရှင်းပြတာ။

ဒါက တလျောက်လုံးပေါ့လေ။ မောင်စူးစမ်းတို့ ပြောခဲ့တဲ့ စကားရှိတယ်။ ရွေးကောက်ပွဲမှတပါး အခြားနည်းလမ်းမရှိပြီ။ ရွေးကောက်ပွဲ ဆိုတာဟာ ထွက်ရပ်လမ်းမဟုတ်ဘူး။ အခြားနည်းလမ်းတွေလည်းပဲ အကြပ်အတည်းမှ လွတ်မြောက်အောင် လုပ်လို့ရအောင် ရှိနိုင်တယ်၊ ရှိအောင် လည်း ရှာရမယ်။ ဒါ နိုင်ငံရေးပါတီတွေရဲ့ တာဝန်ဖြစ်တယ်။ ၈၈ တုန်းက အဲန်အယ်လ်ဒီ မရှိခဲ့ပါဘူး။ ၈၈ ကြောင့်မို့လို့ အဲန်အယ်လ်ဒီပါတီဆိုတာ ပေါ်ပေါက်လာတာ။ အခု အဲန်အယ်လ်ဒီမှာ စီအီးစီလုပ်နေတဲ့ ပုဂ္ဂိုလ်တွေ ၈၈ တုန်းက ဒီလူတွေ ဘယ်မှာရှိသလဲ။ ၈၈ ကြောင့်မို့ သူတို့ဟာ စင်ပေါ်ရောက်လာတဲ့သူတွေပါ။ အဲန်အယ်လ်ဒီမရှိလဲ ၈၈ လို တနိုင်ငံလုံး အတိုင်းအတာနဲ့ ကြီးမားတဲ့ အုံကြွမှုကြီးတစ်ခုဟာ ဖြစ်ပေါ်လာခဲ့တာပဲ။ အခုလည်း ၈၈ လိုပဲ အဲန်အယ်လ်ဒီမရှိလဲပဲ တိုင်းပြည်က ဘာမှ မဖြစ်ပါဘူး။ အဲန်အယ်လ်ဒီရှိနေလဲ ဘာမှ မဖြစ်ပါဘူး။

လွန်ခဲ့တဲ့ ၂ နှစ် ၃ နှစ်က အင်တာနေရှင်နယ် ဟယ်ရယ်ထရီဗြွန်းမှာ ဆရာဆောင်းပါးရေးခဲ့တယ်။ အခြေအနေဟာ ဒီအတိုင်းသာသွားလို့ရှိရင် နောက်ဆုံးမှာ လူတွေဟာ မခံမရပ်နိုင်ဖြစ်ပြီး သည်းမခံနိုင်တဲ့အဆုံး အုံကြွမှုတွေ ပြန်ပြီးတော့ပေါ်လာနိုင်တယ်။ အဲဒီလို သွေးချောင်းစီးတဲ့ကိစ္စတွေ မဖြစ်စေချင်တဲ့အတွက် အားလုံးဟာ နိုင်ငံရေးပါတီအဖွဲ့အစည်းတွေရော အစိုးရရော လူကြီးလူကောင်းတွေ စကားပြောကြပါ။ ဆွေးနွေးညှိနှိုင်းပြီး အဖြေရှာကြပါလို့ ဆရာရေးခဲ့ဘူးတယ်။ ဒါတွေကို ဆရာတို့က ကြိုပြီးတော့ မြင်နေလို့ပဲ။

၇၄ ခုနှစ်တုန်းကလည်းပဲ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမရှိတာနဲ့စာရင် ရှိတာကကောင်းတာပေါ့လို့ ဆိုပြီးတော့ တခဲနက်ထောက်ခံခဲ့ကြတာပဲ။ ရွေးကောက်ပွဲတွေ တခုပြီးတခု လုပ်ခဲ့တာပဲ။ သို့သော်လည်း အဲဒါတွေဟာ ကောင်းတဲ့ရလဒ် ရခဲ့သလား။ မရခဲ့ဘူး။ မရခဲ့လို့ပဲ ၈၈ နဲ့ အဆုံးသတ်သွားခဲ့တာပဲ။ အခုလည်းပဲ ဒီရွေးကောက်ပွဲကြောင့် ရလဒ်ကောင်းတွေ ပေါ်ထွက်လာမယ်လို့ ဘယ်လိုမှ ပြောလို့မရဘူး။ လက်တွေ့အားဖြင့် ပြည်သူလူထုရဲ့ အခြေခံစားဝတ်နေရေး ပြဿနာတွေကို ဘာမှဖြေရှင်းနိုင်ခြင်း မရှိသေးဘူး။ မရှိရင် နောက်ဆုံးမှာ လူတွေဟာ ငတ်လာရင်တော့ ဘယ်သူမှ ငြိမ်နေကြမှာမဟုတ်ဘူး။ ဒီလို ၈၈ တုန်းကလို သွေးချောင်းစီးမှုတွေ ဖြစ်ပေါ်လာမှာကို စိုးရိမ်တယ်။ မဖြစ်စေချင်ဘူး။ မဖြစ်စေချင်တဲ့အတွက် လူ

စာမျက်နှာ (၅) ကော်လံ (၃) သို့...

## ရွေးကောက်ပွဲဝင်လိုတဲ့ နိုင်ငံရေးပါတီများ မှတ်ပုံတင်ကြပြီ

နိုင်ငံရေးပါတီတွေ မှတ်ပုံတင်ဖို့နဲ့ ပတ်သက်တဲ့ဥပဒေကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က မတ်လ (၁၈) ရက်မှာ ထုတ်ပြန်လိုက်ပါတယ်။

ရွေးကောက်ပွဲကော်မရှင်နဲ့ ပတ်သက်တဲ့ဥပဒေတွေ ထွက်ပြီးတဲ့နောက် နှစ်ပတ်လောက်အကြာမှာ ပါတီမှတ်ပုံတင်ဖို့ဥပဒေ ဆက်တိုက်ထွက်လာတာ ဖြစ်ပြီး မှတ်ပုံတင်တဲ့နေရာမှာလည်း ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ပါမယ်လို့ ပါတီခေါင်းဆောင်နဲ့ ဒုတိယခေါင်းဆောင် တယောက်ယောက်က ခံဝန်ကတိလက်မှတ်ထိုး ပြီး လျှောက်ရမှာဖြစ်ပါတယ်။

နိုင်ငံရေးပါတီတွေ မှတ်ပုံတင်ရာမှာ ပုဒ်မ (၇) အရ ဖွဲ့စည်းပြီးဖြစ်တဲ့ ပါတီတွေက ပြန်ပြီးမှတ်ပုံတင်ဖို့ကို ခွင့်ပြုတဲ့နေ့ကစပြီး ရက်ပေါင်း (၆၀) အတွင်းမှာ ဖြစ်ပြီး၊ ပါတီအသစ်တွေကတော့ ရက်ပေါင်း (၃၀) အတွင်း နေပြည်တော်မှာ ဖွင့်ထားတဲ့ ရွေးကောက်ပွဲကော်မရှင်ရုံးကို သွားရောက်မှတ်ပုံတင်ရမှာ ဖြစ်ပါတယ်။

ပါတီမှတ်ပုံတင်ကြေးက (၃) သိန်းဖြစ်ပြီး ကိုယ်စားလှယ်တဦးကို မှတ်ပုံတင်ကြေး (၅)သိန်း သတ်မှတ်ထားတယ်လို့ သိရပါတယ်။

ရွေးကောက်ပွဲကော်မရှင်ရုံးက မှတ်ပုံတင်ခွင့်ပြုလိုက်တဲ့ပါတီက အဲဒီနေ့ကစပြီး ရက်ပေါင်း ၉၀ အတွင်း ဒေသဆိုင်ရာပါတီ၊ နိုင်ငံအဝှမ်းဖွဲ့စည်းမယ့်ပါတီအဖြစ် အမျိုးအစားအလိုက် ပါတီဝင်ဦးရေ အနည်းဆုံး (၅၀၀) ကနေ (၁၀၀၀) ထိ ပြည့်မီအောင်စည်းရုံးရမှာဖြစ်ပါတယ်။ ပါတီဝင်တွေရဲ့ကိုယ်ရေးအချက်အလက် အပြည့်အစုံကိုလည်း ရွေးကောက်ပွဲ ကော်မရှင်ရုံးကို ပေးပို့ရမှာဖြစ်ပြီးတော့ သတ်မှတ်ထားတဲ့ပါတီဝင်အရေအတွက် မပြည့်မီတဲ့ပါတီကိုတော့ မှတ်ပုံတင်ကနေ ပယ်ဖျက်မှာဖြစ်ပါတယ်။

ရွေးကောက်ပွဲဝင်မယ်လို့ ကြေညာထားတဲ့ ၈၈ မျိုးဆက်ကျောင်းသား လူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)နဲ့ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ် (ပြည်ထောင်စုမြန်မာနိုင်ငံ) တို့က ပါတီ မှတ်ပုံတင်ဖို့အတွက် မတ်လ ၂၂ ရက် က ကော်မရှင်ရုံးကို လျှောက်လွှာတင်လိုက်တယ်လို့သိရပြီး ဦးသုဝေ ဦးဆောင်တဲ့ ဒီမိုကရက်တစ်ပါတီ (DP)၊ ဒေါက်တာတူးဂျာဦးဆောင်တဲ့ ကချင်ပြည်နယ် တိုးတက်ရေးပါတီ (KSPP)နဲ့ ဦးရွှေအုန်း ဦးဆောင်တဲ့အဖွဲ့တို့ကလည်း မှတ်ပုံတင်ကြတော့မှာဖြစ်တယ်လို့ သတင်းများအရသိရပါတယ်။

# မြန်မာနိုင်ငံက စက်ရုံလုပ်သားများဆန္ဒပြ



လှိုင်သာယာစက်မှုဇုံရှိစက်ရုံတခုမှ ဆန္ဒပြနေသောအလုပ်သမားများ

ရန်ကုန်မြို့၊ ရွှေပြည်သာစက်မှုဇုံ အမှတ် (၂) အိုကေ ကြာဇံစက်ရုံက အလုပ်သမားတွေက လုပ်အားခ တိုးပေးဖို့အပါအဝင် တောင်းဆိုချက်တွေကို အလုပ်မဆင်းပဲ ဆန္ဒပြတောင်းဆိုခဲ့ကြပါတယ်။

အလုပ်သမားများဟာ မတ်လ (၁၅)ရက်ကစတင်လို့ အလုပ်မဆင်းပဲ ဆန္ဒပြတာဖြစ်ပြီး လုပ်အားခ ၁၇၀၀ ကနေ ၂၅၀၀ ထိ တိုးမြှင့်ပေးဖို့နဲ့ ကျန်းမာရေးဆေးကုသခွင့် အခမဲ့ဖြစ်ဖို့တို့ကို တောင်းဆိုကြတာ ဖြစ်တယ်လို့ သိရပါတယ်။

ကြာဇံစက်ရုံမှာ အလုပ်လုပ်နေသူတွေဟာ လျှပ်စစ်မီးလာနေသရွေ့ နေ့ညမပြတ် အလုပ်ဆင်းကြရပြီး လုပ်အားခအရနည်းတာကြောင့် ရွှေပြည်သာ အလုပ်သမားရုံးကို သွားပြီး တိုင်ကြားခဲ့ပေမယ့်လည်း အလုပ်သမားရုံးက လိုက်လံညှိနှိုင်းဖြေရှင်းပေးတာတွေ လုပ်မပေးဘူးလို့ သိရပါတယ်။

အလုပ်သမားအများစုဟာ နယ်ကဖြစ်တာကြောင့် အလုပ်ရှင်ပေးထားတဲ့ လိုင်းခန်းတွေမှာ နေကြရပါတယ်။ အခုလိုဆန္ဒပြပြီး အခွင့်အရေး တောင်းဆိုကြတာကြောင့် ပေးထားတဲ့လိုင်းခန်းတွေမှာ နေထိုင်ခွင့်မပြုတော့ဘူးလို့ အလုပ်ရှင်ဘက်က အသံတွေထွက်ပေါ်လာပြီးတဲ့နောက် မတ်လ (၁၆) ရက်မှာတော့ တနေ့လုပ်အားခ ကျပ် ၂၀၀ တိုး ပေးတာနဲ့ ကျန်းမာရေးဆေးကုသခွင့်ပေးတာကိုလက်ခံပြီး ဆန္ဒပြပွဲကို အဆုံးသတ်လိုက်တယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံမှာ အခုလို အလုပ်သမားဆန္ဒပြပွဲတွေဖြစ်တာ တနှစ်ထက်တနှစ် ပိုများလာပြီးတော့ ၂၀၀၇–၀၈ ခုနှစ်တွင်းမှာ ၆ ကြိမ်နဲ့ ၂၀၀၈–၀၉ မှာ ၉ ကြိမ်ဖြစ်ပွားခဲ့ပြီး အဲဒီအလုပ်သမားဆန္ဒပြပွဲတွေကို အင်အားသုံး ဖြိုခွင်းခြင်းမပြုခဲ့တာဟာ နိုင်ငံရေးလှုပ်ရှားမှုတွေနဲ့ ပတ်သက်ခြင်းမရှိတာကြောင့်လို့ ဆိုပြီးတော့ လုံခြုံရေးကို ထိခိုက်လာရင်တော့ ဒီအတိုင်းနေလို့ မရပါဘူးလို့ အထည်ချုပ်လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီဥက္ကဌလည်းဖြစ်၊ စက်မှု(၁) ဝန်ကြီးလည်းဖြစ်တဲ့ ဦးအောင်သောင်းက မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်း ရှင်များ အသင်းချုပ်ရုံးမှာ ကျင်းပခဲ့တဲ့ အစည်းအဝေးပွဲမှာ ပြောသွားပါတယ်။

+++

# လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ပါတီမှတ်ပုံတင်ရေး သဘောမတူ

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က မတရားတဲ့ ဥပဒေကို လက်မခံနိုင်တာကြောင့် ပါတီမှတ်ပုံတင်ရေးကိစ္စကို ကန့်ကွက်တယ်လို့ ပြောဆိုလိုက်ပါတယ်။

စစ်အစိုးရရဲ့ တရားမျှတမှုမရှိဘဲ တဖက်သတ်ရေးဆွဲထားတဲ့ ဥပဒေအရ ပါတီမှတ်ပုံပြန်တင်ရမှာကို လုံးဝလက်မခံနိုင်တဲ့အတွက် မှတ်ပုံမတင်နိုင်ဘူးလို့ မတ်လ ၂၃ ရက်က သွားရောက်တွေ့ဆုံခဲ့တဲ့ ဦးဉာဏ်ဝင်းကို ဒေါ်အောင်ဆန်းစုကြည်က ပြောလိုက်တာဖြစ်ပါတယ်။

တဆက်တည်းမှာဘဲ ပါတီမှတ်ပုံတင်ရေးကို ဒေါ်အောင်ဆန်းစုကြည်က သဘောမတူပေမယ့် အမိန့်ပေးတာမျိုးမဟုတ်ဘဲ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ ဒီမိုကရေစီနည်းလမ်းအတိုင်း ဆုံးဖြတ်ဆောင်ရွက်တာကို လက်ခံသွားမယ်လို့လည်းပြောပါတယ်။

အလားတူဘဲ ဗဟိုအမျိုးသမီးအဖွဲ့ကလည်း အဖွဲ့ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်မပါဘဲနဲ့ ပါတီမှတ်ပုံတင်ဖို့ကို သဘောမတူတဲ့ အကြောင်း ဆုံးဖြတ်ထားပြီးဖြစ်တယ်လို့ ဗဟိုအမျိုးသမီးအဖွဲ့ဥက္ကဋ္ဌအဖြစ် တာ



တရားစွဲဆိုအပြီး တရားရုံးမှ ပြန်လာစဥ်

ဝန်ယူထားတဲ့ ဒေါက်တာမေဝင်းမြင့်က ပြောပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ ရွေးကောက်ပွဲဥပဒေမှာပါတဲ့ အချက်တွေဟာ တရားမျှတမှုမရှိတာကြောင့် ဥပဒေထုတ်ပြန်တဲ့ အာဏာပိုင်တွေကို ဗဟိုတရားရုံးချုပ်ကတဆင့် မတ်လ ၂၃ ရက်က တရားစွဲဆိုလိုက်ပါတယ်။

တရားစွဲဆိုတာကို ပယ်ချခံလိုက်ရတဲ့အတွက် အကြောင်းပြချက်ကို သိရှိအောင် ဆက်လက်ကြိုးပမ်းသွားမယ်လို့ ကိုယ်တိုင်သွားရောက် တရားစွဲဆိုခဲ့တဲ့ အဖွဲ့ချုပ်ပါတီ ဒုဥက္ကဋ္ဌ ဦးတင်ဦးက ဗွီအိုအေကို ပြောပါတယ်။

# သွေးစည်းညီညွတ်ရေးလက်နက်ကိုင်ခဲ့ကြဖို့ မွေးနေ့ရှင် ၂ ဦးက မှာကြား



မွေးနေ့ရှင် ၂ ဦးဖြစ်သည့် NLD ဒုဥက္ကဋ္ဌဦးတင်ဦးနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်ဦးဝင်းတင်

၂၀၁၀ မတ်လ ၁၂ ရက်မှာ အသက် ၈၃ နှစ်ပြည့်ပြီဖြစ်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုဥက္ကဋ္ဌဦးတင်ဦးနဲ့ အသက် ၈၀ ပြည့်မြောက်တဲ့ အဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်

စာမျက်နှာ (၁၇) ကော်လံ (၁) သို့...

# လူပုဂ္ဂိုလ်ပေါ်ရည်ရွယ်ထုတ်ပြန်တဲ့ဥပဒေအဖြစ် ဒေါ်အောင်ဆန်းစုကြည်က ဝေဖန်

၂၀၁၀ အတွင်းမှာ ကျင်းပမယ့် ရွေးကောက်ပွဲအတွက် ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေဟာ လူပုဂ္ဂိုလ် တဦးတစ်ယောက်ကို ရည်ရွယ်ပြီး ထုတ်ပြန်လိုက်တဲ့ ဥပဒေဖြစ်နေတယ်လို့ နေအိမ်အကျယ်ချုပ် ကျခံနေရတဲ့ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ဝေဖန်ပြောဆိုလိုက်ပါတယ်။

အဲဒီလိုစစ်အစိုးရက ပြဋ္ဌာန်းလိုက်တဲ့ ရွေးကောက်ပွဲဆိုင်ရာဥပဒေဟာ ဥပဒေရဲ့ဂုဏ်သိက္ခာကို ကျဆင်းစေတဲ့အပြင် မဖြစ်သင့်တဲ့ကိစ္စတရပ်လို့ ဒေါ်အောင်ဆန်းစုကြည်က ပြောတဲ့အကြောင်း အဖွဲ့ချုပ်ရဲ့ပြောခွင့်ရသူ ဦးဉာဏ်ဝင်းက သတင်းများမှာ ပြောပါတယ်။

လက်ရှိနိုင်ငံရေးဖြစ်ပေါ်မှုတွေနဲ့ စိန်ခေါ်မှုတွေဟာ လုပ်ကိုင်ဆောင်ရွက်သမျှကို ပိုပြီးထိရောက်စေဖို့အတွက် အင်အားတရပ်ဖြစ်စေပြီးတော့ ပြဋ္ဌာန်းလိုက်တဲ့ဥပဒေကြောင့် ပါတီဝင်များနဲ့ အတူ ပါတီရှင်သန်ခွင့်အတွက်ပါ စိုးရိမ်စရာမလိုဘဲနဲ့ တုံ့ပြန်ဖို့ပဲလိုတယ်လို့ ဒေါ်အောင်ဆန်းစုကြည်က မှာကြားလိုက်တဲ့အပြင် အဲဒီဥပဒေဟာ လူ့အခွင့်အရေးကိုပြောင်ပြောင်တင်းတင်း ချိုးဖောက်လိုက်တာဖြစ်တဲ့အတွက် ပြည်သူလူထုအနေနဲ့ ညီညီညွတ်ညွတ် တုံ့ပြန်ကြဖို့သာလိုတယ်လို့ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ပြောလိုက်တဲ့အကြောင်း သတင်းများမှာ ဖော်ပြထားပါတယ်။

ရွေးကောက်ပွဲဥပဒေပါ အခန်း ၁၆၊ ၉၁(က နဲ့ ခ)အရ ကျင်းပခဲ့ပြီးသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲသည် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် လိုက်လျောညီထွေ မရှိတော့တဲ့အတွက် ယင်းရွေးကောက်ပွဲ ရလဒ်များဟာ အလိုအလျောက် ပျက်ပြယ်သည်ဟု မှတ်ယူရမယ်လို့ ပါရှိတဲ့ အတွက် အဖွဲ့ချုပ်က ဆုပ်ကိုင်ထားတဲ့ ရွှေဂုံတိုင် ကြေညာစာတမ်းပါ ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုရေးဆိုတာကိုလည်း ဆန့်ကျင်လိုက်တာဘဲဖြစ်ပါတယ်။

စာမျက်နှာ (၁၆) သွေးစည်းညီညွတ်ရေးလက်နက်ကိုင်စွဲကြဖို့မှအဆက်...

ဦးဝင်းတင်တို့က မွေးနေ့အမှာစကားအသီးသီးနဲ့ ရှေ့ဆက်လုပ်ဆောင်ရမှာတို့ကို တိုက်တွန်းမှာကြားကြပါတယ်။

အဖွဲ့ချုပ်ဒုဥက္ကဋ္ဌဦးတင်ဦးရဲ့ မွေးနေ့အခမ်းအနားကို အဖွဲ့ချုပ်ရုံးမှာ ကျင်းပခဲ့ပြီး အခမ်းအနားမှာ ဦးတင်ဦးက "အဖွဲ့ချုပ်အနေနဲ့ ကြုံတွေ့ရမယ့် ကိစ္စအဝဝကို အားလုံးစည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ဆထက်ထမ်းပိုးဆောင်ရွက်နိုင်အောင် လုံးပမ်းကြဖို့ ဒါကိုပဲ တိုက်တွန်းတယ်၊ နောက်ပြီးတော့ အဖွဲ့ချုပ်နဲ့ပတ်သက်တဲ့ ဆုံးဖြတ်ထားတဲ့ဥပဒေရေးရာကိစ္စတွေကိုလည်း သေချာလေ့လာပြီး ရှေ့ဆက်သွားရမယ့် ကိစ္စတွေအားလုံးကိုလည်း ချင့်ချင့်ချိန်ချိန်နဲ့ ဆောင်ရွက်သွားမှာဖြစ်တဲ့ အတွက် ဆုံးဖြတ်ချက်ကျလာမယ့်အခါမှာလည်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ဆောင်ရွက်ကြဖို့၊ အားတက်သရောဆောင်ရွက်ကြဖို့ ဒါတွေကိုပဲ ကျနော် တိုက်တွန်းပါတယ်" လို့ ပြောသွားပါတယ်။

ဦးဝင်းတင်ရဲ့ မွေးနေ့အခမ်းအနားကိုတော့ ရန်ကုန်မြို့ မြောက်ဒဂုံမှာ ကျင်းပခဲ့ပြီး မွေးနေ့အထိမ်းအမှတ် အဖြစ်ထုတ်ပြန်တဲ့သဝဏ်လွှာမှာတော့ ဒီကနေ့အခြေအနေဟာ ဒီမိုကရေစီအင်အားစုတွေအတွက် အကျပ်တည်းဆုံးကာလကိုရောက်နေတဲ့အတွက် မကြောက်တရားလက်နက်၊ သွေးစည်းညီညွတ်ရေးလက်နက်နဲ့ စစ်အာဏာရှင် ဆန့်ကျင်ရေးရည်မှန်းချက်ပန်းတိုင်တခုတည်းချမှတ်၊ရေးရှု၊ ရင်ဆိုင်ချီတက်ရေးလက်နက်တွေကို ကိုင်စွဲဖို့ ဦးဝင်းတင်က တိုက်တွန်းထားပါတယ်။

ဆက်ပြီးတော့ " ကျနော် မသေခင် စစ်အာဏာရှင်စနစ်ကို ဖြိုဖျက်ရေးအတွက် လုပ်နိုင်တဲ့နေရာကနေ လုပ်သွားမယ်၊ လုပ်လို့ရတဲ့သူနဲ့ ပူးပေါင်းလုပ်မယ်၊ ဘယ်ပါတီ၊ ဘယ်အဖွဲ့အစည်းရယ်လို့မဟုတ်ဘူး၊ ကျနော် တတ်နိုင်သမျှ၊တတ်စွမ်းသမျှလုပ်မယ်လို့ သံန္နိဋ္ဌာန်ချထားတယ်" လို့ ဇရာဝတီကို ပြောပါတယ်။

ဦးတင်ဦးနဲ့ ဦးဝင်းတင်တို့ဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စတင်တည်ထောင်စဉ်ကစလို့ ဦးဆောင်ပါဝင်ခဲ့တဲ့ပုဂ္ဂိုလ်တွေလည်း ဖြစ်ကြပါတယ်။

+++

# ပါတီမှတ်ပုံမတင်ဖို့ အဖွဲ့ချုပ်လူငယ်များကလည်း တသံတည်းဆုံးဖြတ်




(၇)ကြိမ်မြောက်လူငယ်လုပ်ငန်းဖော်ဆောင်ရေးနှင့်အကူညီပေးရေးအစည်းအဝေးတွင်အဖွဲ့ချုပ်ဒုဥက္ကဋ္ဌ ဦးတင်ဦးနှင့်လူငယ်ခေါင်းဆောင်အချို့ကိုတွေ့ရစဉ်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူငယ်ကိုယ်စားလှယ်တွေက ရွှေဂုံတိုင်ကြေညာစာတမ်းကို ကိုင်စွဲ ရပ်တည်ပြီးတော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ရွေးကောက်ပွဲအပေါ် ထားတဲ့ သဘောထားအတိုင်း ဆုံးဖြတ်လိုက်ပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ရွေးကောက်ပွဲနဲ့ ပတ်သက်တဲ့ သဘောထားကို မတ်လ (၂၆) ရက်က လူငယ်လုပ်ငန်းဖော်ဆောင်ရေးနဲ့ အကူအညီပေးရေးအဖွဲ့ဝင် (၆၀) ဦးပါတဲ့ အစည်းအဝေးပြုလုပ်ပြီး ရွေးကောက်ပွဲ ကော်မရှင်ကပြဋ္ဌာန်းတဲ့ ဥပဒေကို လက်မခံနိုင်တာကြောင့် ပါတီပြန်ပြီး မှတ်ပုံမတင်ဖို့ တညီတညွတ်တည်း ဆုံးဖြတ်လိုက်ကြတာပါ။

"ဒီနေ့ပါတီကိုမှတ်ပုံမတင်ဖို့နဲ့ ရွေးကောက်ပွဲမှာဝင်မပြိုင်ဖို့ ကျနော်တို့ ဆုံးဖြတ်လိုက်တယ်။ ပါတီမှတ်ပုံတင်ရေးအတွက် အဓိကထား ဆွေးနွေးဖြစ်ပါတယ်။ ဒီဆုံးဖြတ်ချက်ကို ကျနော်တို့ တညီတညွတ်တည်း ဆုံးဖြတ်လိုက်တာပါ" လို့ အဖွဲ့ချုပ်ရဲ့ လူငယ်လုပ်ငန်းဖော်ဆောင်ရေးနဲ့ အကူအညီပေးရေး မကွေးတိုင်း တာဝန်ခံ ကိုနေမျိုးကျော်က ဧရာဝတီကို ပြောသွားပါတယ်။

လူငယ်လုပ်ငန်းဖော်ဆောင်ရေးအဖွဲ့ရဲ့ ဆုံးဖြတ်ချက် ၆ ခုကတော့

၁။ ရွေးကောက်ပွဲတွင် ပါတီမှတ် ပုံမတင်ရန်

၂။ ရွှေဂုံတိုင် ကြေညာချက် အတိုင်း ဆက်လက်ရပ်တည်သွားရန်

၃။ ဒေါ်အောင်ဆန်းစုကြည် ပါဝင်တဲ့ဗဟိုကော်မတီဆုံးဖြတ်ချက်တွေကို အဖွဲ့ချုပ်လူငယ်များက လိုက်နာအကောင်အထည်ဖော် ဆောင်ရွက် သွားရန်

၄။ ဒေါ်အောင်ဆန်းစုကြည်၏ လမ်းညွှန်ချက်များအတိုင်း လူငယ်များက ဆက်လက်ဆွဲကိုင် ဆောင်ရွက်သွားရန်

၅။ မတ်လ ၂၉ ရက်တွင် ကျင်းပ မည့်အစည်းဝေးသို့ လူငယ်များ တက်ရောက်ခွင့်ပေးရန်နဲ့

၆။ ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်ကျခံနေစဉ်အတွင်း အဖွဲ့ချုပ်ဒုဥက္ကဋ္ဌ ဦးတင်ဦးအနေဖြင့် လူငယ်ထုကို တာဝန်ယူကြီးကြပ် လမ်းညွှန်ပေးရန်တွေဘဲဖြစ်ပါတယ်။

အဖွဲ့ချုပ်လူငယ်တွေ ဆက်လက်ဆုပ်ကိုင်ထားတဲ့ ရွှေဂုံတိုင် ကြေညာချက်ပါအချက်တွေကတော့ "နိုင်ငံရေး အကျဉ်းသားအားလုံး ခြွင်းချက်မရှိလွှတ်ပေးရေး၊ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေမှာပါတဲ့ ဒီမိုကရေစီ စံနှုန်းတွေနဲ့ မကိုက်ညီတဲ့ အချက်တွေကို ပြန်လည်သုံးသပ်ပြင်ဆင်ရေးနဲ့ ရွေးကောက်ပွဲမှာ အလွှာအသီးသီး ပါဝင်ပြီးတော့ နိုင်ငံတကာက စောင့်ကြည့်လေ့လာခွင့်ပြုရေးတို့ဘဲ ဖြစ်ပါတယ်။


မြန်မာနိုင်ငံလွတ်လပ်သည့် သတင်းအေဂျင်စီမှ ထုတ်ဝေသည်။

# ၂၀၁၀ ရွေးကောက်ပွဲအပေါ် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအေးသာအောင်၏ အမြင်သဘောထား

### ရွေးကောက်ပွဲ မဝင်ရသည့် အကြောင်းအရင်း

"၂၀၀၈ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို လေ့လာကြည့်တဲ့ အခါ ကျတော့ အချက် ၂ ချက် တွေ့ရတယ်။ ပထမတချက်က ဒီဥပဒေအရ တိုင်းပြည်ဟာ ဒီမိုကရေစီနိုင်ငံဖြစ်လာဖို့ အလားအလာမရှိဘူး။ ဘာကြောင့် ပြောနိုင်သလဲဆိုတော့ တပ်မတော်က လွှတ်တော်မှာ ၂၅ ရာခိုင်နှုန်း နေရာယူထားပြီးတော့ အရေးကြီးတဲ့ ဝန်ကြီးဌာန ၃ ခုဖြစ်တဲ့ ကာကွယ်ရေး၊ ပြည်ထဲရေး၊ နယ်စပ်ဒေသရေးကိုလည်း တပ်က ရယူထားတဲ့အပြင် ဖွဲ့စည်းပုံကို ပြင်လို့မရနိုင်လောက်အောင် ရေးဆွဲထားတယ်။ ဥပမာ – လွှတ်တော်ကိုယ်စားလှယ် ၇၅ ရာခိုင်နှုန်းကျော် ထောက်ခံမှ ပြင်လို့ရမယ်လို့ ပါတယ်။ တပ်မတော်က ၂၅ ရာခိုင်နှုန်း ယူထားတော့ ကျန်တဲ့အရပ်ဘက် ၇၅ ရာခိုင်နှုန်း ညီညွတ်ဖို့တောင် မလွယ်တာ ၇၅ ရာခိုင်နှုန်းကျော်မှ ပြင်ရမယ်ဆိုတော့ ပြင်ဖို့ မလွယ်တော့ဘူး"

"နောက်တခုက သမ္မတ၊ ကာကွယ်ရေးဦးစီးချုပ်စသဖြင့် အဖွဲ့ဝင် ၁၁ ဦး ပါဝင်တဲ့ နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီဆိုပြီး တခုဖွဲ့ထားတယ်။ ဒီကောင်စီဟာ အမြင့်ဆုံး အာဏာတွေကို ချုပ်ကိုင်ထားမယ့် သဘောရှိတယ်။ ပြီးတော့ အဲဒီကောင်စီရဲ့ အဖွဲ့ဝင် (၁၁) ဦးမှာ စစ်တပ်က (၆) ဦး ပါတယ်။ ကျန် (၅) ယောက်ထဲမှာလည်း တပ်နဲ့ သက်ဆိုင်သူတွေ ပါနိုင်တယ်။ ဒီကောင်စီဟာ တိုင်းပြည်နဲ့ ပတ်သက်ပြီး အဆုံးအဖြတ်ပေးမယ့် အဖွဲ့အစည်းတခု ဖြစ်နေတယ်"

"ဒါကိုကြည့်ခြင်းအားဖြင့် ကျနော်တို့ မျှော်မှန်းတာက တိုင်းပြည်ဟာ ဒီမိုကရေစီနိုင်ငံဖြစ်မှ၊ ဒီမိုကရေစီ အခြေခံတွေ ပြည့်ဝမှ နိုင်ငံရေး၊ စီးပွားရေး လွတ်လပ်ခွင့်တွေ ရှိမယ်၊ ဒါမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မယ်။ အခုက ဒီဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေက ချုပ်ကိုင်ထားတဲ့အတွက်ကြောင့် ဒီမိုကရေစီအခွင့်အရေး၊ လူ့အခွင့်အရေးတွေ ဆုံးရှုံးနေမယ်။ ဒါကြောင့် ပါလီမန် ဒီမိုကရေစီကိုလည်း စစ်တပ်က ချုပ်ကိုင်ထားတော့မယ်။ စစ်အုပ်ချုပ်ရေး အောက်မှာပဲ ရှိနေမယ်။ ကျနော်တို့ဖြစ်ချင်တာ ပါလီမန်ဒီမိုကရေစီကို လွတ်လွတ်လပ်လပ်ပဲ ဖြစ်စေချင်တယ်။ ဒါက မဝင်ရတဲ့ အကြောင်းပြချက်တခု"

"နောက်တခုက ၄၈ ခုနှစ်မှာ လွတ်လပ်ရေးရဖို့အတွက် ပင်လုံစာချုပ်မှာ တိုင်းရင်းသားတွေရဲ့ အခွင့်အရေးကို တန်းတူညီတူရဖို့ သဘောတူညီခဲ့တယ်။ အခု နှစ်ပေါင်း (၆၀) ကျော်လာတဲ့အထိ တိုင်းရင်းသားတွေ၊ ပြည်နယ်တွေ တန်းတူအခွင့်အရေး မရခဲ့ဘူး။ တိုင်းရင်းသားလူမျိုးတွေရဲ့ မွေးရာပါအခွင့်အရေးတွေ မရဘူး"

"ဒီဖွဲ့စည်းပုံအရ ပြည်နယ်တွေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတွေ၊ ဒေသတွေ သတ်မှတ်ပေးထားပေမယ့် အဲဒီဒေသတွေမှာ တပ်မတော် ကိုယ်စားလှယ်တွေက ၂၅ ရာခိုင်နှုန်း ပါကြမယ်။ ပြည်နယ်ဝန်ကြီးချုပ်ကို သမ္မတက ခန့်မယ်ဆိုတော့ ပြည်နယ်ရဲ့ ဥပဒေပြုခွင့်က မယ်မယ်ရရ ဘာမှ ပြောပလောက်အောင် မရှိဘူး။ ဒါကြောင့် ပြည်နယ်တွေရဲ့ တန်းတူညီတူ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွေကို လိုလားတဲ့ အန်ကယ်တို့ရဲ့ ရည်မှန်းချက်နဲ့ မကိုက်ဘူး။ တိုင်းရင်းသား အခွင့်အရေးတွေကို ဒီဖွဲ့စည်းပုံက လျစ်လျူရှုထားတယ်။ တပ်မတော်ကပဲ ပြည်နယ်တွေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတွေ၊ ဒေသတွေကို စိုးမိုးချယ်လှယ် အုပ်ချုပ်နိုင်မှာဖြစ်တဲ့အတွက် တိုင်းရင်းသားတွေရဲ့ တန်းတူရေးအခွင့်အရေးတွေဟာ ဒီဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဘယ်လိုနည်းနဲ့မှ ဖော်ဆောင်နိုင်မယ်၊ ပေါ်ထွက်လာမယ်လို့ မယုံကြည်တဲ့အတွက် ဒီဥပဒေအရ ကျင်းပပေးမယ့် ၂၀၁၀ ရွေးကောက်ပွဲကို မဝင်ရောက်တာ ဖြစ်ပါတယ်"

### ရွေးကောက်ပွဲဝင်ရောက်နိုင်မည့်အနေအထား

"ဒီ ၂၀၀၈ အခြေခံဥပဒေကို ပြုပြင်ရေးပေါ့၊ ဒီမိုကရေစီအခြေခံတဲ့ တိုင်းရင်းသားအခွင့်အရေးတွေ ဖော်ဆောင်ပေးမယ့် အချက်အလက်တွေကို ပြင်ဆင်မယ်ဆိုရင် ရွေးကောက်ပွဲဝင်ဖို့ စဉ်းစားမယ်"

### ၂၀၁၀ ရွေးကောက်ပွဲ၏လိုအပ်ချက်

"ရွေးကောက်ပွဲဆိုတာ နိုင်ငံတနိုင်ငံကို ဒီမိုကရေစီဖော်ဆောင်ဖို့အတွက် လုပ်ထုံးလုပ်နည်းတခုပေါ့။ ရွေးကောက်ပွဲ ကျင်းပပေးရုံနဲ့ ဒီမိုကရေစီနိုင်ငံ ဖြစ်လာမယ်၊ ဒီမိုကရေစီလမ်းကြောင်းပေါ်ကို ရောက်လာမယ်လို့ သေချာပေါက်ပြောလို့မရဘူး။ ဒါကြောင့် ရွေးကောက်ပွဲဟာ မြန်မာနိုင်ငံကို ဒီမိုကရေစီနိုင်ငံအဖြစ် ထူထောင်ဖို့အတွက် အချက်တချက်ပဲဖြစ်ပါတယ်။ ရွေးကောက်ပွဲ မလုပ်ခင်မှာ ကောင်းမွန်တဲ့ နိုင်ငံရေး အခင်းအကျင်းတွေလုပ်ဖို့ လိုအပ်ပါတယ်။ ကျနော်တို့နိုင်ငံမှာ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပြိုကွဲနေပါတယ်။ အထူးသဖြင့် တပ်မတော်အင်အားစုနဲ့ ဒီမိုကရေစီအင်အားစုတွေ၊ တိုင်းရင်းသား အင်အားစုတွေ မညီမညွတ် ဖြစ်နေပါတယ်။ ဒါတွေကို ညီညွတ်အောင် လုပ်ဖို့ အမျိုးသား စည်းလုံးညီညွတ်ရေးကို တည်ဆောက်ရပါမယ်။ အဲဒါ တည်ဆောက်ဖို့အတွက် ရွေးကောက်ပွဲ မတိုင်မီ တွေ့ဆုံဆွေးနွေးရေးတွေ လုပ်ပြီးတော့ အမျိုးသားစည်းလုံးညီညွတ်ရေးအတွက် လုပ်ငန်းစဉ်တွေ ချရပါမယ်။ ဖွဲ့စည်းပုံတွေ ဆွဲရပါတယ်။ အဲလို အခင်းအကျင်းတွေပြီးမှ ရွေးကောက်ပွဲကို သွားဖို့လိုပါတယ်။ အခု နိုင်ငံရေး အခင်းအကျင်းတွေက ဒီမိုကရေစီနိုင်ငံ ဖော်ဆောင်ပေးမယ့် အခင်းအကျင်းမျိုး မဟုတ်ပါဘူး"

### ၁၉၉၀ ရွေးကောက်ပွဲနှင့် ၂၀၁၀ ရွေးကောက်ပွဲကွာခြားချက်

"ဟိုတုန်းကတော့ အပြောင်းအလဲ တခုခု ဖြစ်မယ်ပေါ့။ ဒီမိုကရေစီနိုင်ငံ ဖြစ်လာမယ်။ ရွေးကောက်ပွဲပြီးရင် အနိုင်ရပါတီက အစိုးရဖွဲ့မယ်။ ပြီးရင် လွှတ်တော်ခေါ်မယ်။ လွှတ်တော်မှာ အမျိုးသားရေးလုပ်ငန်းစဉ်တွေချမယ်။ ဖွဲ့စည်းပုံ ရေးဖို့အတွက် ပင်လုံလိုမျိုး ညီလာခံခေါ်ယူမယ်။ ဒါမှမဟုတ် အထူးတာဝန်ပေးထားတဲ့ ကော်မရှင်တရပ်က အခြေခံဥပဒေရေးဆွဲဖို့လုပ်မယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ တိုင်းရင်းသားဆန္ဒ၊ ပြည်သူတွေရဲ့ ဆန္ဒတွေနဲ့ ရေးနိုင်မယ်။

စာမျက်နှာ (၆) ကော်လံ (၁) သို့

Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ
မိုးကြိုး သတင်းစဉ် သို့ ...
အယ်ဒီတာချုပ်
ဇီဝဝိုး
တာဝန်ခံအယ်ဒီတာ
ရေချမ်း
စာမျက်နှာပွဲစည်းမှု
မောင်ကျော်
စောင်ရေ ၁၀၀၀
တန်ဖိုး – ၅ ဘတ်
စာမူများ၊ ဝေဖန်အကြံပြုစာများအား အောက်ပါလိပ်စာအတိုင်း ဆက်သွယ်ပေးပို့နိုင်ကြပါသည်။
P.O.Box (91)
Tak, 63110
Mae Sod,Thailand.
admin@binamojo.org
www.binamojo.org

ပြည်တွင်း
လုပ်ရှားမှုဓာတ်ပုံများအား
အသုံးပြုခွင့်ပေးသည့်
နိုင်ငံရေး
အံ့တုမှုကော်မတီအား
မိုးကြိုးသတင်းစဉ်မှ
အထူးကျေးဇူးတင်ရှိပါသည်။
အယ်ဒီတာအဖွဲ့
















# လူထုဘက်က အနှစ် (၂၀) ကျော် ကြံ့ကြံ့ခံ ရပ်တည်တိုက်ပွဲဝင်ခဲ့တဲ့
# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ၂၀၁၀ ခုနှစ် ပုံရိပ်များ














# ထောက်ပြဝေဖန်ရုံနဲ့မပြီးထိရောက်တဲ့ဆောင်ရွက်မှုဖြစ်ဖို့လို



ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအနေနဲ့ ရွေးကောက်ပွဲကိစ္စရပ်တွေအပေါ် ထောက်ပြဝေဖန်တာနဲ့တင် ပြီးမနေဘဲ လေးလေးနက်နက် အရေးယူဆောင်ရွက်ကြဖို့ကို NLD ပါတီဒုဥက္ကဋ္ဌဦးတင်ဦးကပြောပါတယ်။

ရွေးကောက်ပွဲဥပဒေနဲ့ပတ်သက်လို့ နိုင်ငံတကာအစိုးရတွေရဲ့ တာဝန်ရှိသူတွေက အမျိုးမျိုး ပြစ်တင်ဝေဖန်တာတွေ ဆက်တိုက်ဆိုသလို ထွက်ပေါ်လာခဲ့ပါတယ်။

အဲဒါနဲ့ပတ်သက်ပြီးတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုဥက္ကဋ္ဌဦးတင်ဦးက ကင်တားနားပြန်သွားပြီးပြောတာတွေရော၊ ဘန်ကီမွန်းက တပ်မတော်အကြီးအကဲဆီ စာရေးတဲ့ကိစ္စတွေရော၊ ဖိလစ်ပိုင်နိုင်ငံကပြောတာတွေ၊ အာစီယံအစည်းအဝေးမှာ ပြောတာဆိုတာတွေက ဒီမိုကရေစီရေ့ရေးကောင်းဖို့အတွက် ပြောကြတာလို့ မှတ်ယူတဲ့အကြောင်းနဲ့ အဲဒီလိုဘဲ အရင်ကလည်း အခုလိုပြောခဲ့ကြကြောင်း၊ ဒါပေမယ့် ဒီတကြိမ်မှာတော့ လေးလေးနက်နက်လုပ်လာကြမယ်လို့ ယုံကြည်ရတဲ့အကြောင်း ဦးတင်ဦးကပြောပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့လဲ ရွေးကောက်ပွဲဝင်ရေး၊ မဝင်ရေးကိစ္စဟာ တင်းလွန်း၊ ကျပ်လွန်းတဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ပတ်သက်တဲ့အခြေအနေတွေအရ အဖွဲ့ဝင်တွေအနေနဲ့ ကျေကျေလည်လည်ဆွေးနွေးပြီးမှ လုပ်ရမှာဖြစ်တယ်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုဥက္ကဋ္ဌဦးတင်ဦးက ဗွီအိုအေကိုပြောပါတယ်။

# အဖွဲ့ချုပ်ရပ်တည်ချက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ထောက်ခံ

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ဆုံးဖြတ်ချက်ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေက မှန်ကန်တယ်လို့ ထောက်ခံပြောဆိုလိုက်ပါတယ်။

အဖွဲ့ချုပ်ရဲ့ မတ်လ (၂၉) ရက်က အစည်းဝေးမှာ ပါတီမှတ်ပုံမတင်ဖို့နဲ့ ရွေးကောက်ပွဲမဝင်တော့ကြောင်းဆုံးဖြတ်လိုက်တဲ့အပေါ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက ထောက်ခံကြိုဆိုလိုက်ကြပါတယ်။

အခုလတ်တလောဖြစ်ပေါ်နေတဲ့အခြေအနေတွေနဲ့ဆက်စပ်ပြီး (KNU) ကရင်မျိုးသားအစည်းအရုံးရဲ့ဒုဥက္ကဋ္ဌဖြစ်တဲ့ စောဒေးဗစ်သာကပေါက "ဒါသင့်တင့်လျောက်ပတ်တဲ့ဆုံးဖြတ်ချက်ပဲ။ ဘာလို့လဲဆိုတော့ စစ်အာဏာရှင်စနစ်တည်မြဲရေးလုပ်နေတာ အပြောင်းအလဲရှိရင်တမျိုးပေါ့ဗျာ။ အခုဟာက အပြောင်းအလဲမရှိတဲ့အခါကျတော့ ဥပဒေဘောင်တွင်းတို့၊ နိုင်ငံရေးပါတီအဖြစ် ဆက်လှုပ်ရှားလို့ ဘာထူးတော့မလဲ။ အဲလိုဆက်လှုပ်ရှားမယ်ဆိုရင် မှတ်ပုံတင်လိုက်တာနဲ့ သူ့ဥပဒေအရက လိုအပ်တဲ့ ခေါင်းဆောင်တွေ၊ လိုအပ်တဲ့အဖွဲ့ဝင်တွေ၊ အကုန်လုံးထုတ်ပစ်ရမယ်။ ဆိုတဲ့အခါကျတော့ ဒီဟာနအဖဲရဲ့ ဥပဒေကို ထောက်ခံတာမျိုးဖြစ်သွားမယ်။ နအဖရဲ့အစီအစဉ်ကို ထောက်ခံတာမျိုးဖြစ်သွားမယ်။ အဲဒါကြောင့် ပြတ်ပြတ်ပဲ၊ မှတ်ပုံမတင်ဘူး။ ရွေးကောက်ပွဲလည်းမဝင်ဘူး။ အဲဒါပြီးတာဘဲ။" ဆက်ပြီးတော့ ဒေးဗစ်တာကပေါ့က "ကျွန်တော်တို့တိုင်းရင်းသားလက်နက်ကိုင်တွေကို သူတိုက်ပွဲဆင်ဦးမှာပဲ။ အဲဒီတော့ ဆက်တိုက်ရင်းတိုက်ရင်းနဲ့ သူ့တပ်တွေဟာ ပြိုကွဲပြီးတော့ သူ့အခြေခံ၊ သူအားကိုးတဲ့စစ်တပ်ကြီးဟာ ပြိုကွဲသွားမှာဖြစ်တယ်။ အဲဒီတော့ လူထုကနေပြီးတော့ပြန်ပြီးတော့ စစ်မှန်တဲ့ဒီမိုကရေစီဖြစ်ပေါ်ရေးအတွက် တံခါးပွင့်သွားမှာဖြစ်တယ်" လို့ပြောပါတယ်။

အလားတူဘဲ (SSA)၊ ရှမ်းပြည်တောင်ပိုင်းလက်နက်ကိုင်တပ်ဖွဲ့ရဲ့ပြောခွင့်ရ ဗိုလ်မှူးကြီး လာအိုဆမ်းကလည်း "နအဖ တဖက်သတ်ဇွတ်အတင်းဆွဲသွားတဲ့ပုံစံမျိုး ဖြစ်သွားမယ်ဆိုရင်လည်း ပြည်တွင်းစစ်မီးကတော့ ဘယ်လိုနည်းနဲ့မှ ငြိမ်းသတ်နိုင်မှာမဟုတ်ပါဘူး။ ကျွန်တော်တို့သုံးသပ်မိပါတယ်။" လို့ အာရ်အက်ဖ်အေကိုပြောပါတယ်။

မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ (MNDF) ကတော့ အဖွဲ့ချုပ်ရဲ့ပါတီမှတ်ပုံမတင်ရေး ဆုံးဖြတ်ချိန်မတိုင်ခင်ကဘဲ ပါတီအနေနဲ့မှတ်ပုံတင်မှာမဟုတ်တဲ့အကြောင်းကို ပြောခွင့်ရသူ ဒေါက်တာမင်းစိုးလင်းက အာရ်အက်ဖ်အေကိုကိုပြောပါတယ်။

ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD) ရဲ့ပြောခွင့်ရပုဂ္ဂိုလ် ဦးစိုင်းလိတ်ကလည်း (NLD) ပါတီရဲ့ဆုံးဖြတ်ချက်ဟာ ပြည်သူတွေရဲ့ကိုယ်စား မတရားတဲ့ဥပဒေတွေကိုဆန့်ကျင်ပြီး ပြတ်ပြတ်သားသားရပ်တည်ပြလိုက်တာဖြစ်တယ်လို့ ပြောပါတယ်။

အလားတူဘဲ "အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဆိုတာကတော့ တတိုင်းပြည်လုံးကိုဦးဆောင်ရမယ့်ပါတီဖြစ်တယ်။ ပြည်သူတွေကိုဦးဆောင်ရမယ့်ပါတီဖြစ်တယ်။ ဒီလိုပါတီတခုဟာ ပါတီရဲ့မူဝါဒလမ်းစဉ်အတိုင်း ပြတ်ပြတ်သားသားရပ်တည်ဆုံးဖြတ်တဲ့အတွက်ကြောင့် ကျနော်တို့ကတော့ ကြိုဆိုပါတယ်" လို့ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ အတွင်းရေးမှူး ဦးအေးသာအောင် ပြောဆိုတာကို ဒီဗွီဘီစာမျက်နှာမှာတွေ့ရပါတယ်။